# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၈၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၉.၂၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၁-၁-၂၀၁၃ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးမှ စုပေါင်းတင်ပြခွင့်ပြုပါရန် ဦးစွာပန်ကြားအပ်ပါတယ်။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်သို့ တက်ရောက်ခွင့်ရှိတဲ့သူဦးရေ ၄၂၉ ဦးအနက် တက်ရောက်တဲ့ဦးရေဟာ ၃၈၃ ဦး၊ ခွင့်ပန်ကြားသူ ၄၆ ဦးရှိကြောင်း တင်ပြအပ်ပါတယ်။ ခွင့်ပန်ကြားသူများအနက် ၉ ဦးဟာ ယမန်နေ့

တွေက ခွင့်တောင်းခံထားပြီး ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ယနေ့အတွက် စုစုပေါင်း ၃၇ ဦး ခွင့်တောင်းခံအပ်ပါတယ်။ ၃၇ ဦးရဲ့အမည်စာရင်းကိုတင်သွင်းခွင့်ပြုပါ-

(၁) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၃ ရက်၊

(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၃) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၂ ရက်၊

(၄) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၂ ရက်၊

(၅) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၂ ရက်၊

(၆) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁၂ ရက်၊

(၇) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၁၄ ရက်၊

(၈) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၅ ရက်၊

(၉) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၃ ရက်၊

(၁၀) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၅ ရက်၊

(၁၁) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၃ ရက်၊

(၁၂) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၃ ရက်၊

(၁၃) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၃ ရက်၊

(၁၄) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၄ ရက်၊

(၁၅) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၁၆) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၁၇) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၂ ရက်၊

(၁၈) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၂ ရက်၊

(၁၉) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၂၀) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၂ ရက်၊

(၂၁) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၂၂) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် ခွင့် ၁ ရက်၊

(၂၃) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၁ ရက်၊

(၂၄) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊

(၂၅) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၂ ရက်၊

(၂၆) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၂၇) အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့် ခွင့် ၄ ရက်၊

(၂၈) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၅ ရက်၊

(၂၉) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၅ ရက်၊

(၃၀) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၃၁) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၃ ရက်၊

(၃၂) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် ခွင့် ၁ ရက်၊

(၃၃) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၃ ရက်၊

(၃၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမောင်မောင် ခွင့် ၂ ရက်၊

(၃၅) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ခွင့် ၁ ရက်၊

(၃၆) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်နှင့်

(၃၇) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီ ခွင့် ၁ ရက်အသီးသီး ခွင့်တောင်းခံထားအပ်တာကို တင်ပြအပ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်ခြင်းမရှိပါ။

ခွင့်တောင်းခံထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ခွင့်ပြုပေးပါရန် ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၇ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံရပ်ခြားရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၊ အထူးသဖြင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဥပဒေနှင့်အညီ ရရှိသင့်သည့် အခွင့်အရေးများရရှိရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းကတော့ မြန်မာနိုင်ငံသည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration-IOM)၏ အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာပြီးနောက် နိုင်ငံပေါင်း ၁၅ နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ၂၀၁၂ ခုနှစ်၊

ဒီဇင်ဘာလ ၁၉ ရက်နေ့ထုတ် သတင်းစာများတွင် ဖတ်ရှုရပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်နေသူ ၂.၅ သန်းခန့်ရှိပြီး ၁.၂ သန်းအတွက် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ တရားမဝင်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁ သန်းခန့်သည် ယာယီနိုင်ငံကူးလက်မှတ်ရရှိရန် ကျန်ရှိနေသေးပြီး ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အဆင်မပြေမှုနှင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံရပ်ခြားရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အထူးသဖြင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဥပဒေနှင့်အညီရရှိသင့်သည့် အခွင့်အရေးများရရှိရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ထားသည်၊ မည်ကဲ့သို့ အစီအမံများရှိသည်ကို သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါသည်။

**ဖြေကြားချက်**

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး၏ နိုင်ငံရပ်ခြားရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အထူးသဖြင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဥပဒေနှင့်အညီ ရရှိသင့်သည့်အခွင့်အရေးများရရှိရေး မေးခွန်းနှင့် ပတ်သက်၍ ပြန်လည်တင်ပြဆွေးနွေးလိုပါတယ်။

ပြည်ပသို့ မြန်မာအလုပ်သမားများ စနစ်တကျသွားရောက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန် ပြည်ပမှ ရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်းတွင် စနစ်တကျပြန်လည် အသုံးချရန် ရည်ရွယ်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အစိုးရ ပြည်ပအလုပ်အကိုင် အေဂျင်စီအပါအဝင် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၁၅၇ ခု ဖြင့် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ကိုရီးယား၊ ဂျပန်၊ အရှေ့အလယ်ပိုင်းနိုင်ငံစသည့် ပြည်ပနိုင်ငံများ

သို့စေလွှတ်လျက်ရှိပါတယ်။ ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်ခြင်း၊ အလုပ်သမားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း၊ အကျိုးခံစားခွင့်များရရှိရေးတို့အတွက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကော်မတီတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက တွဲဖက်အတွင်းရေးမှူး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အတွင်းရေးမှူး ဖြစ်ပါတယ်။ အဆိုပါကော်မတီ၏ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ အကျိုးခံစားခွင့်ရရှိရေးလုပ်ငန်း ကော်မတီ၊ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားပါတယ်။ ပြည်ပတွင်သွားရောက်အလုပ်လုပ်နေတဲ့ မြန်မာအလုပ်သမားများ သက်ဆိုင်ရာနိုင်ငံရဲ့ အလုပ်သမား များနဲ့ တန်းတူအကျိုးခံစားခွင့်ရရှိရေးနဲ့ အလုပ်သမားများအခွင့်အရေးများရရှိရေး၊ အလုပ်သမား အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ပိုမိုဆောင်ရွက်နိုင်ရန် ၁၉၉၉ ခုနှစ် ပြည်ပ အလုပ်အကိုင်ဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။

ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့အလုပ်သမားများအတွက် မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်း၍ အလုပ်သမားများခန့်ထားခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် တာချီလိတ်၊ မြဝတီ၊ ကော့သောင်းနယ်စပ်စခန်း ၃ ခုနှင့် ရနောင်းမြို့များတွင် စခန်းများဖွင့်လှစ်ကာ နိုင်ငံသား စိစစ်ခြင်း၊ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ ပြည်ပအလုပ်သမား သက်သေခံကတ်ပြား ထုတ်ပေးခြင်းတို့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းတို့ဖြင့် လုပ်ငန်းစဉ် များ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် မတ်လဆန်းအထိ ၇သိန်းခန့် ထုတ်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ အစိုးရသစ်ကာလမှာ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြင့် ဘန်ကောက်၊ ချင်းမိုင်၊ မဟာချိုင်၊ စမုတ်ပရာကန်၊ ဆူရတ်ဌာနီ ၅ နေရာတွင် စခန်းများဖွင့်လှစ်ကာ ယာယီမြန်မာနိုင်ငံကူး လက်မှတ်များထုတ်ပေးရေးဆောင်ရွက်ခဲ့ရာ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ယခုအချိန်ထိ ၆ သိန်းခန့် လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ သို့ပါ၍ စုစုပေါင်း ၁.၃ သန်းခန့် ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါ တယ်။ အလုပ်သမားများ၏ လုပ်ခလစာမှာ တစ်ရက်တွင် ဘတ် ၃၀၀ ခန့်ရရှိနေပြီး လုပ်ငန်းခွင်

အခက်အခဲများကိုလည်း မြန်မာသံရုံးနှင့် Labour Attache တို့မှ လိုက်လံဖြေရှင်းပေးလျက်ရှိပါတယ်။ Driving License, Bank Account ဖွင့်ခွင့်ရရှိခြင်းတို့က ၎င်းတို့အတွက် လူနေမှုဘဝကို ပိုမိုတိုးတက် စေခဲ့ပါတယ်။ ကျန်တဲ့အလုပ်သမား ၈ သိန်းမှ ၁ သန်းခန့်ကိုလည်း ထိုင်းနိုင်ငံအစိုးရနှင့် ညှိနှိုင်း ဆွေးနွေးပြီး တရားဝင်အလုပ်သမားဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁၄ ရက်နေ့က ထိုင်းနိုင်ငံဥပဒေအရ အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို Registration ပြုလုပ်ရာတွင် သက်တမ်းမတိုးပေးတော့ဘဲ အလုပ်သမားများအား နယ်စပ်သို့ ပြန်လွှတ်ကာ MOU အလုပ်သမားအဖြစ် ပြန်လည်လက်ခံခဲ့မှုအစီအစဉ်ကို ထိုင်းဘက်မှ အဆိုပြုလာခဲ့ပါတယ်။

မြန်မာအလုပ်သမားတွေ သွားလာမှုလုံခြုံရေး၊ စရိတ်စကများသာမက ထိုင်းအလုပ်ရှင်တွေကလည်း အခက်အခဲအနည်းနှင့်အများ ကြုံတွေ့လာနိုင်တဲ့အတွက် ထိုင်းဝန်ကြီးချုပ်နှင့် ဒီဇင်ဘာလ ၁၇ ရက်နေ့က ထားဝယ်တွင် တွေ့ဆုံစဉ် သမ္မတကြီးကိုယ်တိုင် ဆွေးနွေးတောင်းဆိုချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်မှ အချိန်ကာလ သုံးလထပ်မံတိုးမြင့်ဆောင်ရွက်ပေးရန် သဘောတူညီမှုရရှိခဲ့ပြီး ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းများ ယခင် ၅ ခုကို ပိတ်သိမ်း၍ ယခု ၁၀ အထိ တိုးမြင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခွင့်ပြုပေးခဲ့ပါတယ်။ အဆိုပါထိုင်းနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းမှုအရ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအတွက် စမုတ်ပရာကန်၊ စမုစခွန်(မဟာချိုင်)၊ ဆူရတ်ဌာနီ၊ ချင်းမိုင်၊ လရောင်၊ ပထုံဌာနီ၊ ကန်ချနပူရီ၊ နခွန်ရတ်ချ်စီမာ၊ ခွန်ခန်နှင့် ဆွန်ခလာမြို့များတွင် စခန်းများအားလျာထား၍ အလုပ်သမားများ အလုပ်လုပ်ကိုင်နေသည့် ဒေသအခြေအနေ၊ မှတ်ပုံတင်လာရောက်ပြုလုပ်မှု အခြေအနေပေါ်မူတည်၍ အတည်ပြုရွေးချယ်သွားမှာဖြစ်ပြီး စခန်းများဖွင့်လှစ်၍ အထောက်အထားထုတ်ပေးရေးလုပ်ငန်းစဉ်များကို ၂၀၁၃ ခုနှစ် မတ်လမတိုင်မီ စတင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါတယ်။ ထိုသို့ ဆောင်ရွက်နိုင်မှုကြောင့် ထိုင်းနိုင်ငံအတွင်းရှိအထောက်အထားမဲ့ အလုပ်သမားများအနေဖြင့် ယာယီနိုင်ငံကူးလက်မှတ်၊ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များအား ထိုင်းနိုင်ငံအတွင်းရှိ ၎င်းတို့နှင့် နီးစပ်ရာ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်းများတွင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ အလုပ်အကိုင်မပျက် အထောက်အထားပြုလုပ်နိုင်ခြင်း၊ နယ်စပ်စခန်းများသို့ ပြန်သွားရပါကတွေ့ကြုံရမည့် လမ်းခရီးအန္တရာယ်များမှ ကင်းဝေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေစဉ် အထောက်အထားမဲ့မြန်မာအလုပ်သမားတွေ ထပ်မံမတိုးပွားလာအောင်

မြန်မာ-ထိုင်းနှစ်နိုင်ငံသဘောတူညီချက်အရ ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားအသစ် ၄၀၀၀၀ ကျော် MOU စနစ်နဲ့ စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများရဲ့ သားသမီးများကို မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားများထုတ်ပေးရေးနှင့် ကလေးများ ပညာသင်ကြားပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော့်တို့အနေနဲ့ ထိုင်းနိုင်ငံရောက်အထောက်အထားမဲ့ မြန်မာအလုပ်သမားတွေအားလုံး တရားဝင်ဖြစ်လာအောင်နဲ့ Labour Right ကို ထိုင်းနိုင်ငံသားနှင့်မခြားရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ် ကြောင်း တင်ပြလိုပါတယ်။

ထိုင်းနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများတွင် အလုပ်သမားသံအရာရှိများထားရှိပြီး အလုပ်သမားစေလွှတ်သောနိုင်ငံများ၏ တာဝန်ဝတ္တရားနှင့်အညီ သက်ဆိုင်ရာနိုင်ငံများ၏ အလုပ်သမား ဥပဒေအရ ကာကွယ်ပေးခြင်း၊ လူမှုအာမခံစနစ်၊ ကျန်းမာရေးအာမခံစနစ်များရရှိအောင် ဆောင်ရွက် ပေးခြင်း၊ အခါအားလျော်စွာ စက်ရုံအလုပ်ရုံများသို့ သွားရောက်ကြည့်ရှုအားပေးခြင်း၊ ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊ လုပ်ခလစာများ သင့်မြတ်ကောင်းမွန်စွာရရှိရေး၊ လုပ်ငန်းခွင်မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုနှင့် နစ်နာမှုများအတွက် ရထိုက်သည့်အခွင့်အရေးများ ရရှိအောင်ဆောင်ရွက် ပေးခြင်းနှင့် အလုပ်ပြောင်းလဲခြင်းအတွက် ကူညီပေးခြင်း၊ မိခင်နိုင်ငံသို့ပြန်လည်ထွက်ခွာခြင်းအတွက် အကာအကွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ Labour Attache များကိုလည်း မြန်မာ အလုပ်သမားအများစုရှိတဲ့ နိုင်ငံတွေကို ထပ်မံစေလွှတ်နိုင်အောင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မလေးရှား၊ ကူဝိတ်နိုင်ငံများသို့လည်း မကြာမီစေလွှတ်နိုင် တော့မှာ ဖြစ်ပါတယ်။ ၂၇-၁၁-၂၀၁၁ ရက်နေ့မှာ မြန်မာနိုင်ငံအနေနဲ့ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဆိုင်ရာ နိုင်ငံတကာအဖွဲ့သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီး ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ် များကို ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်လို့ ပြည်ပသို့စေလွှတ်တဲ့ လုပ်ငန်းများလွယ်ကူမြန်ဆန်စေရေး၊ အလုပ်အကိုင်မှန်ကန်စွာရရှိစေရေး၊ ကုန်ကူးစရိတ် အနည်းဆုံးနှင့် ပြည်ပနိုင်ငံများတွင် အလုပ်လုပ်နေစဉ်ဖြစ်ပေါ်လာသော ပြဿနာများကို ထိရောက်စွာ ဖြေရှင်းနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ယခုတင်ပြချက်များဟာ နိုင်ငံရပ်ခြား ရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများ အထူးသဖြင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများဥပဒေနှင့်အညီရရှိသင့်တဲ့ အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းပဲ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

## သမဝါယမဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် အကြောင်းအရာ ၅ ခုနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ခနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်တင့်(ခနုဖြူမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ခနုဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်တင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သမဝါယမဝန်ကြီးဌာနနဲ့ ပတ်သက်ပြီးတော့ အကြောင်းအရာငါးခုကို မေးမြန်းဆောင်ရွက်သွားခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား တင်ပြပြီးတော့ ကျွန်တော့်ရဲ့ မေးခွန်းများကိုလည်း စာဖတ်ခွင့်ပြုပါရန် ခွင့်ပန်အပ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့က စတင်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်မှာ တောင်သူလယ်သမားများ ငွေစုငွေချေးသမဝါယမအသင်း ဖွဲ့စည်းဆောင်ရွက်တာကနေ နှစ်ပေါင်း ၁၀၇ နှစ် ရှိခဲ့ပြီ ဖြစ်ပါတယ်။ သမဝါယမအသင်းရဲ့လုပ်ငန်းတွေဟာ ဆန္ဒသဘောထားတူညီကြတဲ့ အသင်းသားများက အသင်းအဖြစ်ဖွဲ့စည်းပြီးတော့ ၎င်းတို့ရဲ့ ကိုယ်ပိုင်ရင်းနှီးငွေနဲ့ သတ်မှတ်တဲ့အစုငွေများ ထည့်ဝင်ပြီးတော့ အသင်းရဲ့အကျိုး၊ အသင်းသားများရဲ့အကျိုးရရှိအောင် အသင်းသားများရဲ့ သဘောတူညီချက်ဖြင့် ရွေးချယ်ခဲ့တဲ့ အမှုဆောင်ဒါရိုက်တာများက တာဝန်ယူကြတာဖြစ်ပါတယ်။ လူမှုစီးပွားရေးကို လုပ်ရတဲ့အတွက် လွတ်လပ်တဲ့အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယနေ့ မြန်မာနိုင်ငံမှာ သမဝါယမအသင်းအဆင့်ဆင့် ဘယ်လိုသတ်မှတ်ထားပါသလဲ။ ဖွဲ့စည်းပြီး သမဝါယမအသင်းပေါင်း ဘယ်လောက်ရှိပါသလဲ။ အသင်းအလိုက် လုပ်ငန်းအမျိုးအစားအလိုက် ဘယ်လိုလုပ်ကိုင်နေကြပါသလဲ။ တစ်နိုင်ငံလုံးအသင်းသားပေါင်း ဘယ်လောက်ရှိပါသလဲ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို မည်သို့မည်ပုံ အထောက်အကူပြုနေပါသလဲဆိုတာ အကြောင်းအရာ (၁) အဖြစ် မေးမြန်းအပ်ပါတယ်။ အကြောင်းအရာ(၂)အဖြစ် မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက်မှာ သမဝါယမလုပ်ငန်းများ ပြန်ကြည့်ရင် အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့သလို ဆုံးရှုံးမှုများလည်း ရှိခဲ့ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က သမဝါယမလုပ်ငန်းကို ဒုတိယမဏ္ဍိုင်ထားရှိပြီး ၁၉၇၀ ခုနှစ် သမဝါယမဥပဒေနှင့် ဖွဲ့စည်းလုပ်ကိုင်ခဲ့တဲ့အခါမှာ အထင်ပေါ်ဆုံးကာလတစ်ခုဖြစ်ခဲ့ပါတယ်။ သို့သော်လည်း သမဝါယမရဲ့လုပ်ငန်းများဟာ အသင်းမှာပါဝင်တဲ့အသင်းသားများရဲ့ ဆန္ဒသဘောထားနဲ့ လွတ်လပ်စွာရပ်တည်ပြီးတော့ လူမှုစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရမှာ

ဖြစ်သော်လည်း ၎င်းကာလအစိုးရရဲ့ စွက်ဖက်မှုများစွာရှိတဲ့အတွက် လုပ်ငန်းများ ကျဆင်းခဲ့ရပါတယ်။ အပြည်ပြည်ဆိုင်ရာသမဝါယမအသင်းတွေရဲ့လုပ်ငန်းကို လေ့လာမယ်ဆိုရင်လည်း အစိုးရများက ဝင်ရောက်စွက်ဖက်မှုလုံးဝကင်းတဲ့အခါမှာ သမဝါယမအသင်းများရဲ့ လိုအပ်တဲ့ငွေကြေးနည်းပညာ အချက်အလက်မှန်သမျှကို ပံ့ပိုးပေးနေတာဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်အရေးအခင်းမှာ တစ်နိုင်ငံလုံး သမဝါယမအသင်းပိုင်ပစ္စည်းများ၊ ငွေကြေးများမြောက်မြားစွာ ဆုံးရှုံးခဲ့သော်လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကာလမှာ တင်ရှိခဲ့တဲ့ အစိုးရဘဏ်ချေးငွေ ၅ ဘီလီယံကျော်ကိုလည်း သမဝါယမအသင်းများက ပြန်လည်ပေးဆပ်ပြီးပြီဖြစ်တဲ့အတွက် ယနေ့ကာလမှာ အစိုးရနဲ့ ကြွေးမြီကင်းတဲ့ အဖွဲ့အစည်းများလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းရပ်ဆိုင်းနေတဲ့ သမဝါယမအသင်းတွေကို ရှင်သန်ဖွံ့ဖြိုးအောင် ဘယ်လိုဆောင်ရွက်ပေးရမလဲ။ ဖွံ့ဖြိုးတိုးတက်နေတဲ့ သမဝါယမအသင်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ငွေကြေးနည်းပညာပံ့ပိုးမှုများ မည်သို့ပေးနေပါသလဲ။ ခေတ်အဆက်ဆက်က သမဝါယမအသင်းသားများ ပိုင်ဆိုင်ခဲ့တဲ့ ငွေပစ္စည်းများကို လက်ခံပြီးတော့ အသင်းသားအသင်းဝင်များရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်မှုမရှိဘဲ ကိုယ်ကျိုးအတွက်သာ ကြည့်ပြီးတော့ လုပ်ကိုင်နေကြတဲ့ အမှုဆောင်ဒါရိုက်တာတွေကိုလည်း ဘယ်လိုပြုပြင်ပြောင်းလဲဖို့ အစီအမံများ လုပ်ထားပါသလဲ။ အကြောင်းအရာ(၃)အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရအဖွဲ့ကာလမှာ ၁၉၉၂ ခုနှစ် သမဝါယမဥပဒေကို ပြဋ္ဌာန်းပြီးတော့ အကောင်အထည်ဖော်ခဲ့ပါတယ်။ ဥပဒေဟာ အလွန်လွတ်လပ်ပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ လုပ်ပိုင်ခွင့်များကို အများကြီး ပေးထားတာဖြစ်ပါတယ်။ သို့သော် ၁၉၉၈ ခုနှစ်က သမဝါယမဝန်ကြီးဌာနက ဆက်လက်ထုတ်ပြန်ခဲ့တဲ့ သမဝါယမအသင်းနည်းဥပဒေဟာ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေမှာ မပါဝင်တဲ့ အချက်အလက်များကို ဥပဒေကို ကျော်လွန်ပြီး ထုတ်ပြန်ထားတဲ့အတွက် လုပ်ငန်းများကို လုပ်ကိုင်တဲ့နေရာမှာ လုပ်ငန်းလုပ်ရတာထက် သမဝါယမဝန်ကြီးဌာနအဆင့်ဆင့်နဲ့ အသင်းအချင်းချင်းစာရင်းရှင်းလင်းနေရတဲ့ကိစ္စကများခဲ့ပါတယ်။ သမဝါယမဦးစီးဌာနအဆင့်ဆင့်ရဲ့တာဝန်ကိုလည်း လေ့လာကြည့်ရာမှာ (Organization)အသင်းများကို ဖွဲ့စည်းပေးခြင်း၊ (Education) ပညာပေးခြင်း၊ (Regulation) ထိန်းကျောင်းတည့်မတ်ခြင်းဟာ တွေ့ရှိရပါတယ်။ သို့သော်လည်း (Regulation)ကို ကြီးကြပ်ကွပ်ကဲလို့ အဓိပ္ပာယ်ကောက်ယူပြီး ကြီးကြပ်မှုနဲ့ စွက်ဖက်မှုများ ရောထွေးလာတဲ့အတွက် သမဝါယမအသင်းများရဲ့လုပ်ငန်းများ လုပ်ကိုင်ချိန်မဟုတ်တဲ့ အတည်ပြုချက်မယူရဘဲ ဘာမှလုပ်မရတဲ့အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေပါ အချက်အလက်

များကို ကျော်လွန်ပြဋ္ဌာန်းထားတဲ့ ၁၉၉၈ ခုနှစ် သမဝါယမအသင်းနည်းဥပဒေများကို ပြင်ဆင်ရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းလိုပါတယ်။ ဆက်စပ်မှု(၄)အရ သမဝါယမအသင်းများဟာ အသင်းသားများရဲ့ကိုယ်ပိုင် ငွေကြေးနဲ့ဖွဲ့စည်းပြီး အသင်းရဲ့လုပ်ငန်းကို လွတ်လွတ်လပ်လပ်လုပ်ကိုင်ရတာ ဖြစ်ပါတယ်။ သမဝါယမဦးစီးဌာနက ထုတ်ပြန်ထားတဲ့ သမဝါယမအသင်းများကို စာရင်းရှင်းလင်းရာမှာ စာရင်းရှင်းတာဝန်ခံက လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစာရင်းများကို စာရင်းရှင်းလင်းဖျက်သိမ်းတဲ့အခါမှာ ပိုလျှံလာတဲ့ အသားတင်ပိုလျှံငွေကို နိုင်ငံတော်ကို တစ်လုံးတစ်စည်းသော ရန်ပုံငွေထဲကို ပေးသွင်းရတဲ့ လုပ်ထုံးလုပ်နည်းဟာ ယနေ့အထိမပျက်သေး တာဖြစ်ပါတယ်။ သမဝါယမအသင်းများဟာ စိတ်တူကိုယ်တူဆန္ဒတူစုပေါင်းပြီးတော့ ကိုယ်ပိုင်ငွေကြေးနဲ့စုပေါင်းလျက် လုပ်အားများစုပေါင်းလျက် အသင်းသားများရဲ့ လူမှုစီးပွားရေး လုပ်ငန်းကိုလုပ်ကိုင်ရင်း နိုင်ငံတော်ကသတ်မှတ်ထားတဲ့ အခွန်အခများလည်းပေးဆောင်နေတဲ့ အသင်းများလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အသင်းသားပိုင်ငွေကြေးများကို အသင်းစာရင်းရှင်းလင်းဖျက်သိမ်းတဲ့အခါမှာ ယခုကျင့်သုံးနေတဲ့ စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ထုံးလုပ်နည်းကို ပြင်ဆင်ရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းလိုပါတယ်။ ဆက်စပ်မှု(၅)အရ သမဝါယမဝန်ကြီးဌာနရဲ့ လက်အောက်မှာ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနနဲ့ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းစတဲ့ ဌာနနှစ်ခုနဲ့ လုပ်ငန်းတစ်ခုဖွဲ့စည်းထားတာကို လေ့လာတွေ့ရှိရပါတယ်။ ပြည်ပနိုင်ငံမှာဖြစ်တဲ့ ဂျပန်နိုင်ငံ၊ ကိုရီးယား၊ ထိုင်း၊ အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီနိုင်ငံမှာရှိတဲ့ သမဝါယမအသင်းများဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ လွတ်လပ်ခွင့်များရရှိပြီးတော့ အစိုးရကမစွက်ဖက်ဘဲ လုပ်ငန်းများ အောင်မြင်နေတဲ့အနေအထားမှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ သမဝါယမဝန်ကြီးဌာန လက်အောက်မှာရှိသော အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနနဲ့ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းတို့ဟာ သမဝါယမလုပ်ငန်းများအတွက် ဖွံ့ဖြိုးတိုးတက်ရန် ဘယ်လိုဆောင်ရွက်ပါနေသလဲလို့ မေးမြန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမ

ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန်းထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်တင့်ရဲ့ မေးခွန်းအကြောင်းအရာ(၅)မျိုးကို အပိုင်းသုံးပိုင်းခွဲခြား ဖြေဆိုရမည်ဖြစ်ခြင်း၊ ပြည့်စုံရှင်းလင်းဆောင် ဖြေဆိုရမည်ဖြစ်ခြင်းတို့ကြောင့် အချိန်အနည်းငယ် ကြာမြင့်မည်ကို သည်းခံခွင့်လွှတ်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်တင့်ရဲ့ မေးခွန်းနံပါတ်(၁)ကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ် သမဝါယမ အက်ဥပဒေနှင့်အညီ သမဝါယမအသင်းအဆင့်ဆင့်ကို အခြေခံသမဝါယမအသင်း၊ သမဝါယမ အသင်း၊ သမဝါယမအသင်းစုချုပ်၊ ဗဟိုသမဝါယမအသင်းဟု အသင်းအဆင့်လေးဆင့် သတ်မှတ်ထားပါတယ်။ ဖွဲ့စည်းပြီး သမဝါယမအသင်းပေါင်း ၁၁၇၆၆ သင်းရှိပြီး အသင်းသားပေါင်း ၁၈၈၅၆၉၂ ဦး ဖြင့် ဖွဲ့စည်းထားရှိပါတယ်။ လုပ်ငန်းအမျိုးအစားအလိုက် ထုတ်လုပ်မှုကဏ္ဍတွင် ၆၅၀၆ သင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ၂၂၁၃ သင်း၊ ကုန်သွယ်မှုကဏ္ဍတွင် ၃၀၄၇ သင်းတို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။

နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲမှုလျှော့ချရေးအတွက် သမဝါယမဝန်ကြီးဌာနက ပါဝင်ဆောင်ရွက်နေမှုကို ဆက်လက် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ သမဝါယမဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် ၈ ရပ်တွင်ပါဝင်တဲ့ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုရည်မှန်းပြီး ဦးတည်ချက်နှစ်ရပ်နဲ့ လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်ဆောင်ရွက် လျက်ရှိပါတယ်။ အဲဒီဦးတည်ချက်နှစ်ရပ်ကတော့ (၁) ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံ လူတန်းစားများရဲ့ လူမှုဘဝတိုးတက်လာစေရန်၊ (၂) တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် သမဝါယမစီးပွားရေးလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ် အထောက်အကူပြု ဆောင်ရွက်ပေးရန်တို့ပဲ ဖြစ်ပါတယ်။ အထက်ပါဦးတည်ချက်နှစ်ရပ်ကို အောင်မြင်ဖို့ လုပ်ငန်းစဉ်ငါးရပ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလုပ်ငန်းစဉ်ငါးရပ်ကတော့ (၁) ကျေးရွာတိုင်းမှာ အနည်းဆုံး အခြေခံသမဝါယမအသင်းတစ်သင်းဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးပြီး လိုအပ်သော လုပ်ငန်းအရင်းအနှီး၊ ချေးငွေများကို စဉ်ဆက်မပြတ်ထုတ်ချေးပေးခြင်းဖြင့် နောင် လေး၊ ငါးနှစ် အတွင်း မိမိဘာသာရပ်တည်လာနိုင်အောင် Sustainable Development ဖြစ်အောင်ဆောင်ရွက်

ပေးရန်၊ (၂) လုပ်ငန်းစဉ်(က)တွင် ထုတ်ချေးပေးရမည့် ငွေကြေးအရင်းအနှီးရရှိစေရေးအတွက် အများပိုင်ငွေကြေးအဖွဲ့အစည်းတစ်ခု/ Microfinance Bank တစ်ခုပေါ်ပေါက်လာအောင် ဆောင်ရွက်ပြီး ချေးငွေများထောက်ပံ့ပေးရန်၊ (၃) ဖွဲ့စည်းပြီးတဲ့ အဆင့်ဆင့်သော သမဝါယမအသင်းများသည် ပြန်လည်ရှင်သန်အောင်နှင့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုစတဲ့လုပ်ငန်းများကို ငွေကြေး၊ နည်းပညာ၊ ဈေးကွက်ကျယ်ပြန့်စွာဖြင့် ဆောင်ရွက်နိုင်ရေးကူညီဆောင်ရွက်ပေးရန်၊ (၄) သမဝါယမတက္ကသိုလ်/ ကောလိပ်များမှ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေးပညာကို ကျွမ်းကျင်တတ်မြောက်တဲ့ ပညာတတ်များမွေးထုတ်ပေးရန်၊ (၅) သမဝါယမသင်တန်းကျောင်းများမှ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်သူများ မွေးထုတ်ပေးရန်တို့ ဖြစ်ပါတယ်။ လုပ်ငန်းစဉ် (၁)နဲ့ ပတ်သက်ပြီးတော့ ကျေးရွာတိုင်းမှာ အနည်းဆုံး အခြေခံသမဝါယမအသင်းတစ်သင်းဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးပြီး လိုအပ်သော လုပ်ငန်းအရင်းအနှီးချေးငွေများကို စဉ်ဆက်မပြတ် ထုတ်ချေးပေးခြင်းဖြင့် နောင်လေးနှစ်၊ ငါးနှစ်အတွင်း မိမိဘာသာရပ်တည်နိုင်အောင် Sustainable Development ဖြစ်အောင်ဆောင်ရွက်ပေးရန်အတွက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနဲ့ ဗဟိုသမဝါယမအသင်း၊ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနနဲ့ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်၊ မြို့နယ်သမဝါယမဦးစီးဌာနနဲ့ မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ စည်းရုံးဖွဲ့စည်းခြင်း၊ ပညာပေးခြင်း၊ မြို့နယ်အလိုက် ကွင်းဆင်းအဖွဲ့များကိုဖွဲ့စည်းပြီး ရပ်ကွက်/ ကျေးရွာများ အရောက်ကွင်းဆင်း၍ သမဝါယမသဘောတရားနဲ့ သမဝါယမလုပ်ထုံးလုပ်နည်းစနစ်များကို ပြည်သူများကြား ပြန့်ပွားအောင်စည်းရုံးဟောပြောကာ သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားစွာ ဆန္ဒရှိတဲ့ ကျေးရွာများမှ ဆန္ဒတူသူများကို ငါးဦးထက်မနည်း၊ ၁၀ ဦးထက်မများတဲ့ ဝိုင်းကြီးချုပ်အဖွဲ့များ ဖွဲ့စည်းပေးပါတယ်။ ဝိုင်းကြီးချုပ်အဖွဲ့မဖွဲ့မီ အဲဒီဝိုင်းကြီးချုပ်အဖွဲ့မှာပါဝင်မယ့် အသင်းသားလောင်းများကို ဖွဲ့စည်းရေးအဖွဲ့က အောက်ပါအချက်သုံးချက်ကို ရှင်းလင်းပြပါတယ်။ (က) ချေးယူတဲ့ငွေများကို အလွဲသုံးစားခြင်းမပြုအောင် အဖွဲ့ဝင်အချင်းချင်းထိန်းရန်၊ (ခ) ချေးယူငွေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအထွေထွေလုပ်ငန်းများကို တကယ်ထိရောက်စွာ အသုံးပြုစေရေး၊ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်စေရေးအချင်းချင်းထိန်းသိမ်းကူညီရန်၊ (ဂ)သတ်မှတ်ကာလတွင် ချေးငွေနှင့်ဝန်ဆောင်စရိတ်(အတိုး)ကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်အောင် အချင်းချင်းထိန်းစေရန်၊ အဖွဲ့ဝင်တစ်ဦး မဆပ်ပါက ကျန်အဖွဲ့ဝင်များမှ တာဝန်ယူပေးဆပ်စေရန်။

အဲဒီသုံးချက်ကို သဘောတူညီပြီး ဝိုင်းကြီးချုပ်အဖွဲ့ဝင်မည့်သူများက တာဝန်ယူပြီဆိုမှ ဝိုင်းကြီးချုပ်အဖွဲ့များကို ဖွဲ့စည်းတာ ဖြစ်ပါတယ်။ အဆိုပါဝိုင်းကြီးချုပ်အဖွဲ့များကို စုစည်း၍ သမဝါယမအသင်းအဖြစ် ဖွဲ့စည်းခြင်း၊ အသင်းအမှုဆောင်များကို အများဆန္ဒနှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျဖြင့် ရွေးချယ်ခြင်း၊ အသင်းဖွဲ့စည်းရာတွင် အရေအတွက်ကို ဦးစားမပေးဘဲ အရည်အချင်းရှိသော ခိုင်မာတဲ့သမဝါယမအသင်းများ ဖြစ်ပေါ်လာရေးကို ဦးစားပေး၍ ဖွဲ့စည်းခြင်း၊ အသင်းအမှုဆောင်များနဲ့ အသင်းဝန်ထမ်းများအား သမဝါယမသဘောတရားနှင့် အသင်းလုပ်ထုံးလုပ်နည်းများ၊ စာရင်းဇယားကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဝိုင်းကြီးချုပ်အဖွဲ့များကို အခြေခံပြီး သမဝါယမအသင်းများ ဖွဲ့စည်းပြီးတဲ့အခါ ၎င်းတို့က စိစစ်တင်ပြတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အထွေထွေလုပ်ငန်းများစသည့်လုပ်ငန်းများအလိုက် လိုအပ်တဲ့မတည်ရင်းနှီးငွေများကို ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။ သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်နဲ့ လုပ်ငန်းစဉ်များကို ချမှတ်၍ စတင်အကောင်အထည်ဖော်တဲ့ ၁-၁၀-၂၀၁၂ ရက်နေ့မှ ၂၆-၁၂-၂၀၁၂ ရက်နေ့အထိ မြို့နယ်ပေါင်း ၂၆၇ မြို့နယ်မှာ အသင်းသားပေါင်း ၃၀၆၁၉၃ ဦးဖြင့် သမဝါယမအသင်းစုတစ်ခုနှင့် အခြေခံသမဝါယမအသင်းပေါင်း ၅၈၉၄ သင်း၊ စုစုပေါင်း ၅၈၉၅ သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ကျေးလက်နေပြည်သူများ၊ မြို့ပြနေအခြေခံလူတန်းစားများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်လျက်ရှိသော ငွေကြေးအရင်းအနှီးရရှိရေးကို စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့အတွင်းမှာရှိတဲ့ မြို့နယ် ၂၃၆ မြို့နယ်၊ အသင်းပေါင်း ၂၉၂၄ သင်း၊ အသင်းသားပေါင်း ၁၅၆၆၈၇ ဦးသို့ ပံ့ပိုးချေးငွေကျပ်သန်း ၁၀၆၃၀.၈၃၉ သန်း ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်၍ ကျန်ရှိတဲ့ တိုင်းဒေသကြီးတစ်ခု၊ ပြည်နယ်သုံးခုမှာရှိတဲ့ သမဝါယမအသင်းများအား ဆက်လက်ထုတ်ချေးပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ထုတ်ချေးပေးတဲ့အခါမှာ စုဆောင်းတတ်တဲ့ အလေ့အကျင့်ရရှိရေးအတွက် ချေးငွေရယူသော အသင်းသားတိုင်းက ပထမအကြိမ်ချေးယူစဉ် အစုငွေအဖြစ် ၅၀၀၀ ထည့်ဝင်စုဆောင်းရပါတယ်။ ဒုတိယအကြိမ်တိုးမြှင့်ထုတ်ချေးပါကလည်း ချေးငွေရဲ့ ၁၀ ရာခိုင်နှုန်းကို အသင်းသား၏ စုဆောင်းငွေအဖြစ် ပေးသွင်းစေပြီး ကျန်ချေးငွေကိုသာ လုပ်ငန်းများတွင် အသုံးပြုပါတယ်။ အလားတူ နောက်ထပ်အကြိမ်များမှာလည်း တစ်ကြိမ်ချေးတိုင်း ထုတ်ချေးငွေရဲ့ ၁၀ ရာခိုင်နှုန်းကို စုဆောင်းစေပြီးကျန်ငွေကို လုပ်ငန်း

များမှာ အသုံးပြုစေပါတယ်။ ဒီစနစ်အရ အသင်းသားတစ်ဦးချင်းအနေနဲ့ အကျိုး ၃ ခု ရရှိမှာ ဖြစ်ပါတယ်။ ပထမအကျိုးကတော့ ငွေသားချေးယူရာမှာ တစ်လကို ၁၀ တိုး၊ ၁၅ တိုး၊ သီးနှံဖြင့် ထုတ်ချေးယူရာမှာ လုံးတိုး၊ လုံးခွဲတိုးစတဲ့ အတိုးနှုန်းကြီးကြီးဖြင့် ပြင်ပကချေးယူရန်မလိုဘဲ သက်သာသောစရိတ်ဖြင့် လုပ်ငန်းစရိတ်များချေးယူရရှိမှာ ဖြစ်ပါတယ်။ ဒုတိယအကျိုးကတော့ မိမိတို့ရဲ့ ကိုယ်ပိုင်စုဆောင်းငွေများတိုးပွားလာခြင်း ဖြစ်ပါတယ်။ တတိယအကျိုးအနေနဲ့ မိမိတို့ကိုယ်ပိုင်စုဆောင်းငွေအပေါ်မှာ အကျိုးအမြတ်ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ ထို့အတူပဲ ကျေးရွာသမဝါယမအသင်းမှာလည်း အကျိုးသုံးခုရရှိပါတယ်။ ပထမအကျိုးအနေနဲ့ အသင်းရဲ့လုပ်ငန်းဆောင်ရွက်မှုအပေါ်မှာ သတ်မှတ်ထားတဲ့ အကျိုးခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒုတိယအကျိုးအနေနဲ့ အသင်းသားများရဲ့ အစုငွေ၊ စုဆောင်းငွေများနဲ့အသင်း၏ လုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်တဲ့ အကျိုးရရှိမှာ ဖြစ်ပါတယ်။ တတိယအကျိုးအနေနဲ့ မိမိအသင်းပိုင်ငွေဖြင့် အလုပ်လုပ်ခြင်းအတွက် အသင်းမှအကျိုးအမြတ်ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် နောင် လေး၊ ငါးနှစ်ကြာရင် အသင်းသားတစ်ဦးချင်းအနေနဲ့ရော ကျေးရွာ သမဝါယမအသင်းအနေနဲ့ရော မိမိဘာသာမိမိရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)နဲ့နံပါတ်(၅)ကို တစ်ပေါင်းတည်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အထက်မှာဖော်ပြခဲ့တဲ့ ကိုယ့်ခြေထောက်ပေါ်ရပ်တည်နိုင်အောင် အသင်းအသစ်ဖွဲ့စည်းတဲ့ သမဝါယမအသင်း ပေါင်း ၅၈၉၅ သင်းအနေနဲ့ ၄ ကြိမ်လောက် ငွေချေးပြီးတဲ့အခါမှာ အသင်းအနေနဲ့ လုပ်တတ်ကိုင်တတ်ရှိပြီး ငွေကြေးအင်အား တောင့်တင်းခိုင်မာလာပြီး သင့်တော်သော ငွေကြေးအင်အားရှိလာမှာဖြစ်ပါတယ်။ အဲဒီအခါမှာ အသင်းသားများလိုအပ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းအတွက် သွင်းအားစု၊ မျိုး၊ ဓာတ်မြေဩဇာ၊ မွေးမြူရေးလုပ်ငန်းအတွက် သားပေါက်၊ ဆေး၊ အစာ စသည်များကို အသင်းသားတွေဆီက ဆန္ဒသဘောထားရယူပြီး ဝယ်ယူခြင်း၊ ပြန်လည်ဖြန့်ဖြူးခြင်းတို့ကို အသင်းမှ စာရင်းမှတ်စနစ်ဖြင့် ထုတ်ပေးပြီး သီးနှံ၊ ထုတ်ကုန်ပြန်ပေါ်တဲ့အခါမှာ ကာလပေါက်ဈေး သို့မဟုတ် အသင်းသားအများစု၏ သတ်မှတ်ဆုံးဖြတ်တဲ့ဈေးနှုန်းနဲ့ ပြန်ယူပြီး အသင်းအနေနဲ့ ပြန်လည်ရောင်းချနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် အသင်းသစ်များမဖွဲ့မီ ဖွဲ့စည်းမှတ်ပုံတင်ပြီး သမဝါယမအသင်းပေါင်း ၁၁၇၆၆ သင်းအနက် ရှင်သန်ပြီးလုပ်ငန်းများဆောင်ရွက်နေသည့်အသင်း ၅၅၈၃ သင်း၊ ရှင်သန်မှုအားနည်းသည့် အသင်း ၅၄၆၀ သင်းအလုပ်မလုပ်နိုင်သော အသင်း ၇၂၃ သင်း တို့ကို ငွေကြေး၊ နည်းပညာ၊ ဈေးကွက်ပံ့ပိုးပေးပြီး ပိုမိုတိုးတက်လာအောင် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီလို လုပ်ဆောင်တဲ့အခါမှာ သက်ဆိုင်ရာအသင်းရဲ့ဆန္ဒအပေါ်မှာ မူတည်ပြီး

ကုန်ထုတ်လုပ်မှုအသင်းများ အဖြစ်သော်လည်းကောင်း၊ ကုန်သွယ်မှုအသင်းများအဖြစ်သော်လည်းကောင်း၊ ဝန်ဆောင်မှုအသင်းများ အဖြစ်သော်လည်းကောင်း၊ ကျေးရွာ သို့မဟုတ် သမဝါယမအသင်းတစ်ခုတွင် ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရေးသော်လည်းကောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် Agro Base SME သမဝါယမအသင်းများ အဖြစ်တက်လှမ်းနိုင်သော အသင်းများအဖြစ်သော်လည်းကောင်း ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ သမဝါယမဦးစီးဌာနအနေနဲ့ ကုန်ထုတ်စက်မှုလယ်ယာသမဝါယမ အသင်းများဖြစ်အောင် Power Point မှာ နောက်ဆက်တွဲ(က)ပါ အတိုင်းပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနက သစ်သီးတာရှည်ခံသင်တန်း၊ သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်း၊ သစ်သီးယိုစုံနှင့် ဖျော်ရည်ထုတ်လုပ်နည်းသင်တန်း၊ အခြေခံလျှပ်စစ်သင်တန်း၊ ဝါးလက်မှုထည်ထုတ်လုပ်နည်းသင်တန်း၊ သဘာဝဆိုးဆေးနဲ့ ဓာတုဆိုးဆေးသင်တန်းစတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို တိုးချဲ့ဆောင်ရွက်ပေးပြီး Agro Base SME သမဝါယမအဆင့်တက်လှမ်းနိုင်အောင် Power Point မှာတင်ပြထားတဲ့ နောက်ဆက်တွဲ (ခ) ပါအတိုင်း ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းအနေနဲ့ စိုက်ပျိုးရေးသမဝါယမအသင်းများတည်ရှိရာ ကျေးရွာအလိုက်၊ နယ်မြေဒေသအလိုက် ထုတ်ကုန်သယ်ပို့လမ်းကြောင်းများရွေးချယ်၍ ရောင်းဝယ်ရေးသမဝါယမအသင်းများဖြစ်လာအောင် ပံ့ပိုးဆောင်ရွက်ပေးပြီး ထွက်ကုန်သီးနှံများအား ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချပေးခြင်း၊ အသင်းနှင့်အသင်းသားများ လိုအပ်သောလယ်ယာသုံး၊ အိမ်သုံး၊ ကုန်ထုတ်လုပ်ငန်းသုံး စက်ကိရိယာများအားပြည်ပမှမှာယူတင်သွင်းပေးခြင်း၊ သမဝါယမလမ်းကြောင်းမှ သွင်းအားစုများ ဖြန့်ဖြူးရောင်းချပေးခြင်း စတဲ့လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးပြီး ကုန်သွယ်မှု၊ ဝန်ဆောင်မှုသမဝါယမအသင်းများဖြစ်လာအောင် Power Point မှာ တင်ပြထားတဲ့ နောက်ဆက်တွဲ (ဂ) ပါအတိုင်းပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပြီး သမဝါယမအသင်းများရဲ့ လုပ်ငန်းများအမှန်တကယ် ဖွံ့ဖြိုးရှင်သန်လာစေရန်အတွက် အောက်ပါအတိုင်းပံ့ပိုးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်-

အရင်းအနှီးရရှိရေးအတွက် သမဝါယမဘဏ်၊ အများပိုင်ငွေကြေးကုမ္ပဏီ၊ Microfinance Bank တို့မှ အဓိကဖြည့်ဆည်းဆောင်ရွက်ခြင်း၊ သမဝါယမအချင်းချင်းချေးငှားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကဖြင့်လည်းကောင်း၊ နိုင်ငံတကာကုမ္ပဏီအဖွဲ့များဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ Aids၊ Grants များရရှိအောင်ရှာကြံခြင်း၊ Concessional Loan များရအောင် ရှာကြံခြင်း၊ နည်းပညာရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊

သိပ္ပံနှင့်နည်းပညာစသည့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အိမ်တွင်းမှုလုပ်ငန်းနည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ သမဝါယမသင်တန်းကျောင်းများက အသက်မွေးဝမ်းကျောင်း Vocational Training များ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လေ့ကျင့်သင်ကြားပေးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ အကူအညီရယူဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ခြင်း၊ ဈေးကွက်ရရှိရေးအတွက် ထုတ်လုပ်ရေး သမဝါယမအသင်းများက လယ်ယာထွက်ကုန်အရောင်းဆိုင်များ ဖွင့်လှစ်ခြင်း၊ ရောင်းဝယ်ရေးသမဝါယမများ၊ ဝန်ဆောင်မှုသမဝါယမများနှင့် ချိတ်ဆက်ခြင်း၊ ဈေးကွက်တည်ဆောက်ခြင်း၊ ပုဂ္ဂလိက Trading Company များ၊ နိုင်ငံတကာ Company များနှင့်ဆက်စပ်၍ ဈေးကွက်တည်ဆောက်ခြင်း၊ အနာဂတ်တွင် ကိုရီးယား၊ ဂျပန် စသည့်နိုင်ငံများမှာကဲ့သို့ အရောင်းဌာနများဖွဲ့စည်းခြင်း၊ စားသုံးသူသမဝါယမအသင်းများ ဖွဲ့စည်း၍ ဈေးကွက်ကို ဖော်ဆောင်ခြင်းတို့ မျှော်မှန်းဆောင်ရွက်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရရှိရေးအတွက် Production Cost ၊ Transaction Cost ၊ Transport Cost လျှော့ချခြင်း၊ နည်းပညာအသစ်အသုံးပြုခြင်း၊ မိမိလုပ်ငန်းရဲ့ အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ပြီး Winning Formula များ ရှာကြံဖော်ထုတ်အသုံးပြုစေခြင်း၊ သင်တန်းများ၊ ပြည်တွင်း ပြည်ပဆွေးနွေးပွဲများဖြင့် ဆောင်ရွက်ခြင်း၊ လူ့အရင်းအမြစ်ရရှိရေးအတွက် သမဝါယမတက္ကသိုလ်နှင့် ကောလိပ်များ၊ သမဝါယမသင်တန်းကျောင်းများက လေ့ကျင့်မွေးထုတ်ပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်မည့် Vocational Training Course အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်သင်ကြားပေးခြင်း။ စိုက်ပျိုးရေး၊ မွေးမြူရေး အထောက်အကူပြုကဏ္ဍအတွက် မျိုးကောင်းမျိုးသန့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးထုတ်လုပ်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ လုံလောက်အောင်ပံ့ပိုးထုတ်လုပ်ခြင်း၊ လယ်သမားများအလွယ်တကူ ပစ္စည်းမှန်၊ ဈေးမှန်ဝယ်ယူရရှိနိုင်စေရေး မြို့နယ်၊ ကျေးရွာသမဝါယမအသင်းများက ဝယ်ယူဖြန့်ဖြူးသည့်စနစ် ဖော်ဆောင်ပေးခြင်း၊ အသိပညာပေးကဏ္ဍအနေနဲ့ ပြည်သူများက သမဝါယမစနစ်နှင့် သမဝါယမလုပ်ငန်းများအပေါ် ယုံကြည်မှုရှိလာအောင် ပြန်လည်တည်ဆောက်ခြင်း၊ ပြည်သူများရဲ့ ဖွံ့ဖြိုးတိုးတက်လိုသောစိတ်၊ ကိုယ့်အားကိုယ်ကိုးသောစိတ်၊ တကယ်လုပ်လျှင် တကယ်ဖြစ်သည်ဆိုတဲ့ ယုံကြည်စိတ်၊ ပူးပေါင်းဆောင်ရွက်လိုသောစိတ်များ ရှင်သန်တက်ကြွလာအောင် ဗဟိုသမဝါယမအသင်းနဲ့ အများပိုင်ငွေကြေးကုမ္ပဏီတို့၏ ဘဏ္ဍာငွေအထောက်အပံ့ဖြင့် သမဝါယမပညာပေးအဖွဲ့များဖွဲ့စည်း၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊ မိမိတို့နိုင်ငံမှာ FDI Law အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံ

အတွင်းမှာ မကြာမီ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အများအပြားဝင်ရောက်လာတော့မှာ ဖြစ်ပါတယ်။ ထို့အတူ ASEAN 2020 Vision အရ ၂၀၁၅ ခုနှစ်မှစ၍ ကုန်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှု၊ ကျွမ်းကျင်လုပ်သားများနှင့် ငွေကြေးအရင်းအနှီးများ လွတ်လပ်စွာစီးဝင်ခွင့်ကို ခွင့်ပြုပေးရတော့မှာ ဖြစ်ပါတယ်။ ဒီအခြေအနေများဟာ မိမိတို့နိုင်ငံအတွက် စိန်ခေါ်မှုများဖြစ်သလို အခွင့်အလမ်းများလည်း ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂကလည်း ၂၀၁၂ ခုနှစ်ကို UN International Year of the Co-operatives အဖြစ်သတ်မှတ်ပြီး ဆောင်ပုဒ်အဖြစ် Co-operative Enterprises Build a better World ဟု ဖော်ညွှန်းခဲ့ပါတယ်။ ထို့အတူ FAO ကလည်း ၂၀၁၂ ခုနှစ်၏ ဆောင်ပုဒ်အဖြစ် Agricultural Co-operative: Key to Feeding the World ဟု ဖော်ညွှန်းခဲ့ပါတယ်။ ဒါ့ကြောင့် အထက်ပါ ရည်မှန်းချက်များကိုလည်း ဖော်ဆောင်ပေးနိုင်အောင် မိမိတို့နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သော နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကိုလည်း ဖော်ဆောင်ပေးနိုင်ရေးအတွက် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမစနစ်၊ သမဝါယမလုပ်ငန်းများဖြင့် ကြိုးပမ်းဖော်ဆောင်သွားမှာဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်း ၃ နဲ့ ၄ အပေါ်ကို တစ်ပေါင်းတည်း ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ် သမဝါယမအသင်းနည်းဥပဒေ (မူကြမ်း)ပြင်ဆင်ရေးဆွဲရေးနှင့် သမဝါယမအသင်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲရေးအတွက် သမဝါယမဝန်ကြီးဌာန၏ ၂-၁၁-၂၀၁၂ ရက်စွဲပါစာအမှတ် ၁/၄၄ (၅၉၈၆) သမဝ-၂၀၁၂ ဖြင့် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်ရုံးအဖွဲ့၊ ဗဟိုသမဝါယမအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များမှ ကိုယ်စားလှယ်များပါဝင်သော ပြင်ဆင်ရေးဆွဲရေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုသမဝါယမအသင်း၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုချုပ်များသို့ သမဝါယမအသင်းနည်းဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်၊ ဖြည့်စွက်ရန် အကြံဉာဏ်များနှင့် သဘောထားများလည်း တောင်းခံရရှိပြီး ဖြစ်ပါတယ်။ ဗဟိုသမဝါယမအသင်း၊ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနနဲ့ သမဝါယမအသင်းစုချုပ်များ၏ အကြံပြုချက်များနှင့် သဘောထား

များကို စုစည်းပေါင်းစပ်၍ ဆွေးနွေးညှိနှိုင်း အတည်ပြုချက်ရယူပြီး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၈ ခုနှစ် သမဝါယမအသင်း နည်းဥပဒေကို ပြင်ဆင်ရေးဆွဲ အတည်ပြုပြီးပါက ပြင်ဆင်ရေးဆွဲ အတည်ပြု ထားသည့် သမဝါယမအသင်းနည်းဥပဒေ(အသစ်)နှင့်အညီ သမဝါယမအသင်းများ စာရင်းရှင်းလင်း ဖျက်သိမ်းရေးလုပ်ထုံးလုပ်နည်းကို ဆက်လက်ပြင်ဆင်ရေးဆွဲသွားရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကြည်တင့်၊ ခနေဖြူမဲဆန္ဒနယ်က မေးတဲ့မေးခွန်းကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက အသေးစိတ်ရှင်းလင်းသွားပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ မိမိတို့ လွှတ်တော် အပိုင်းနဲ့ဆိုင်တဲ့ မေးခွန်းနံပါတ် (၃)၊ မေးခွန်းနံပါတ်(၄)ဟာ ကျွန်တော်တို့လွှတ်တော်အတွက် အရေးကြီးသလို နိုင်ငံနှင့်နိုင်ငံသားများရဲ့ အရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက် ဦးကြည်တင့်မေးတဲ့ မေးခွန်းကို အခြေခံပြီးတော့ လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က တင်ပြချက်ပေါ်မူတည်ပြီး ဒီဟာကို မည်သို့မည်ပုံပြင်ဆင် သင့်တယ်ဆိုတာကို ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန ဒုတိယဝန်ကြီးတင်ပြတဲ့ အစိုးရအဖွဲ့ရုံး နိုင်ငံတော်သမ္မတထံတင်ပြထား တယ်ဆိုတဲ့ကိစ္စကလည်း မြန်မြန်ပြီးပြတ်မှ ဒီကိစ္စရပ်တွေဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် မိမိတို့ပြုစု ထားတဲ့မူကြမ်းကိုလည်း ကျွန်တော်တို့လွှတ်တော်ကို ဆက်သွယ်ပေးပို့ဆောင်ရွက်ခြင်းဟာ ဒီ Regulations ကိစ္စအတွက် မြန်မြန်ဆန်ဆန်ပြီးနိုင်မယ့်သဘောရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ လွှတ်တော်များပေါ်ပေါက်ခဲ့တာ ၂ နှစ်ရှိပါပြီ။ ၂ နှစ်ကာလအတွင်းမှာ အခုလို အခက်အခဲဖြစ်နေတဲ့ Regulations ကိစ္စတွေဟာ အင်မတန်မှ အရေးကြီးပါတယ်။ လုပ်နေပြီ၊ ဆောင်ရွက်နေပြီလို့ ပြောရုံနဲ့ လုံလောက်တဲ့ကာလမဟုတ်တော့ပါဘူး။ အရေးကြီးတာက Result ပါပဲ။ မိမိတို့ လုပ်ဆောင်ချက် Result တွေ မြန်မြန်နဲ့ ကောင်းကောင်းရောက်ရှိဖို့လိုပါတယ်။ ဒါကြောင့် ဒီကိစ္စကို ၁၉၉၈ ဥပဒေ၊ နည်းဥပဒေနှင့် ၁၉၉၂ ဥပဒေတို့ရဲ့ ရှေ့နောက်ကြောင်းကိုက်ညီမညီတဲ့ကိစ္စများကို အမြန်ဆုံးလွှတ်တော် အနေနဲ့ ဆောင်ရွက်ပြီးဆောင်ရွက်ပေးဖို့ ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မတီများကိုလည်း လွှတ်တော်ကတစ်ဆင့် တိုက်တွန်းလိုပါတယ်။ ထိုနည်းတူစွာပဲ ပြည်ထောင်စု အစိုးရဝန်ကြီးဌာနအနေနဲ့ လည်း မိမိတို့လုပ်ငန်းများ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင်လည်း ဆက်လက်ဆောင်ရွက်ဖို့လိုကြောင်း လွှတ်တော်မှတစ်ဆင့်တိုက်တွန်း လိုပါတယ်။

**လားရှိုးမြို့ အမှတ်(၂)ရပ်ကွက် မြတ်လေးလမ်း အကွက်အမှတ်(၃၅) ဦးပိုင်အမှတ် (၅၇) မြေဧရိယာ ၀.၁၆၁ ဧကရှိ မြေကွက်မြေဂရန်ပြင်ဆင်မှုအား ယနေ့ထက်တိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်မှ ဆောင်ရွက်မပေးသေးခြင်းကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော့်မေးခွန်းဟာ ပုဂ္ဂလိကတစ်ဦးတစ်ယောက်ချင်းကိစ္စဖြစ်တဲ့အတွက် ကြယ်ပွင့်မပြမေးခွန်း အဖြစ်သာ မေးသင့်တဲ့မေးခွန်းဖြစ်ပါတယ်။ ဒါပေမယ့် နစ်နာတဲ့ ကာယကံရှင်များက အစိုးရသစ် လက်ထက် နိုင်ငံတော်သမ္မတကြီးရဲ့သဘောထားများ၊ မူဝါဒဆိုင်ရာမိန့်ခွန်းများကို ကြားရပြီးတဲ့ နောက်မှာ မျှော်လင့်ကြီးစွာနဲ့ ၎င်းတို့ရဲ့နစ်နာမှုများကို သမ္မတထံစာရေး တိုင်ကြားခဲ့ပေမယ့် အကြောင်း တစ်စုံတစ်ရာ ပြန်ကြားမှုမရရှိခဲ့ပါ။ ဒါကြောင့် နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့သစ်ရဲ့ ပွင့်လင်းမြင်သာ ရှိမှုနဲ့ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ပတ်သက်ပြီး ပြည်သူများက သံသယဖြစ်နေပါတယ်။ ဒီလိုသံသယများပိုမိုတိုးပွားမလာစေရန် ရည်ရွယ်ပြီး ယခုကိစ္စကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မည်သို့ဆောင်ရွက်ထားရှိပုံကို ပြည်သူများ သိရှိနိုင်ကြစေရန်အတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ လားရှိုးမြို့ အမှတ်(၂)ရပ်ကွက် မြတ်လေးလမ်း အကွက်အမှတ်(၃၅) ဦးပိုင်အမှတ် (၅၇) မြေဧရိယာ ၀.၁၆၁ ဧက ရှိမြေကွက်မှာ ဒေါ်ကြူကြူမော်၏ဖခင်ဖြစ်သူ ဦးပေါအေး(ခ) ဦးရင်ကြီး အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး နှစ်စဉ်ကျသင့်သော မြေခွန်များကို မှန်မှန်ပေးဆောင်ခဲ့ရာ ၁၉၈၈ ခုနှစ်အထိဖြစ်ကြောင်း မြို့မြေခွန် ပေးဆောင်ထားသည့် ပြေစာများအရ သိရှိရပါတယ်။ ၁၉၈၈ အရေးအခင်းဖြစ်ပြီး မတည်ငြိမ်မှုများကို အခွင့်ကောင်းယူကာ ဦးစံမြတ်ဆိုသူက နာမည်ပေါက်ပိုင်ဆိုင်သူ ဦးပေါအေး(ခ) ဦးရင်ကြီးရဲ့ သဘောတူညီမှုတစ်စုံတစ်ရာမရရှိဘဲ မသမာသောနည်းလမ်းများကိုသုံး၍ မြေငှားဂရန်တွင် ၎င်း၏ အမည်ကို ထပ်မံဖြည့်စွက်ကာ ဦးပိုင်ခွဲစိတ်ဂရန်ရယူခဲ့ပြီး ဦးချန်စိန်ဆိုသူထံသို့ ၎င်းပိုင်ဆိုင်သည့် မြေကွက်အနေဖြင့် ထပ်မံခွဲစိတ်ရောင်းချခဲ့သည်ဟုသိရပါသည်။ ကာယကံရှင်များက နစ်နာမှုများစွာ ရှိသဖြင့် မြေငှားဂရန်ပြင်ဆင်သတ်မှတ်ချက်ချထားပေးပါရန် မြို့နယ်၊ ခရိုင်၊ ပြည်နယ်ရုံးအဆင့်ဆင့်ကို တင်ပြလျှောက်ထားခဲ့ရာ နောက်ဆုံးတွင် ၂၀၀၃ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ရက်စွဲပါစာအမှတ် ၄၁၆/ ဦး-၁ ပူးတွဲပါစာအမှတ် ၂ ဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း တွဲဖက်ပြည်နယ် အုပ်ချုပ်ရေးမှူးဦးစိန်အုပ်

က မူလပိုင်ရှင်ဖြစ်သော ဦးပေါ်အေး၏ပိုင်ဆိုင်မှုကို ထည့်သွင်းစဉ်းစားသင့်ပြီး ဦးစံမြတ်နှင့် ဦးချမ်းစိန် တို့၏ ဂရန်အမှုတွဲများကို ပယ်ဖျက်ပေးသင့်ကြောင်းထောက်ခံလျက် သုံးသပ်ချက်များနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ရှိ ညွှန်ကြားရေးမှူးချုပ်ထံသို့ အစီရင်ခံစာတင်ပြခဲ့ကြောင်း တွေ့ရှိရသော်လည်း ထိုကိစ္စကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံမှ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ထိုကိစ္စနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တရားမျှတစွာ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အခု ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းရဲ့မေးခွန်းနှင့် စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းကဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ လားရှိုးမြို့ အမှတ်(၂) ရပ်ကွက် မြတ်လေးလမ်း အကွက်အမှတ် (၃၅) ဦးပိုင်အမှတ် (၅၇) မြေဧရိယာ ၀.၁၆၁ ဧကရှိတဲ့ မြေကွက်မှာ လွှတ်တော်ကိုယ်စားလှယ်တင်ပြတဲ့ မြို့မြေခွန်ပေးဆောင်တဲ့ ပြေစာအထောက်အထားများအရ ဦးပေါ်အေးပိုင်ဆိုင်တယ်လို့ယူဆနိုင်ပြီး ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တင်ပြတဲ့ ၁၉၇၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီအစည်းအဝေးမှတ်တမ်း (၃/၇၃) အထောက်အထားအရ ဦးစံမြတ်ပိုင်ဆိုင်တယ်လို့ ယူဆနိုင်ပါတယ်။ ၂၀၀၃ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ကို တင်ပြခဲ့တယ်ဆိုတဲ့ အမှုတွဲဟာ ရန်ကုန်မှ နေပြည်တော်သို့ ရုံးများပြောင်းရွှေ့စဉ်က ပါရှိလာတဲ့အမှုတွဲဟောင်းများစာရင်းမှာ ရှာဖွေတွေ့ရှိခြင်း မရှိတဲ့အတွက် အဆိုပါအမှုတွဲများ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ကို ရောက်ရှိခြင်းရှိ၊ မရှိ ဆိုတာ စိစစ်လို့မရပါ။ အဲဒီ မြေကိစ္စနှင့်ပတ်သက်လို့ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်တဲ့အခါမှာ-

(က) ၁၉၇၂ ခုနှစ်မှာ ဦးစိုင်းစံမြတ်မှ လားရှိုးခရိုင်ဝန်ရုံးတော်သို့ အခင်းဖြစ်မြေအား ဂရန် လျှောက်ထားခဲ့ခြင်းကို စနစ်တကျလက်ခံစိစစ်၍ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်ရေးမှုး ကော်မတီအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးမှတ်တမ်းဖြင့် ဆုံးဖြတ်ခဲ့ပြီး ရှမ်းပြည်နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့မှ အတည်ပြုချက်ဖြင့် ၁၉၇၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ၁၉၈၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့အထိ မြေဂရန် ထုတ်ပေးခဲ့ခြင်း၊

(ခ) ယင်းမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးပေါ်အေး(ခ)ကိုရင်ကြီးနှင့် ဦးစိုင်းစံမြတ်တို့ တရားရုံးတွင် အငြင်းပွားခဲ့ရာ လားရှိုးမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၁၁/၇၅)၊ ရှမ်းပြည်နယ် တရားရုံးတရားမအယူခံမှုအမှတ် (၁/၇၇)၊ ဗဟိုတရားရုံး (မန္တလေးရုံးထိုင်) တရားမအယူခံမှုအမှတ် (၄၈/၇၇) တို့တွင် ဦးစိုင်းစံမြတ်ကိုသာ အနိုင်ဒီဂရီချမှတ် ထားခြင်း၊

(ဂ) ဦးပေါ်အေးမှ ၁၉၈၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ယင်းအမည်ဖြင့် ရရှိ ထားသော မြေငှားလိုင်စင်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခဲ့ရာ ဦးပေါ်အေးတင်ပြ သည့် အခွန်ဌာန အမှုတွဲအမှတ် ၂၉-ဗ္ဗိ/၄၉၁၆ ဖြင့် ရရှိထားသော ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် ရက်စွဲပါ မြေငှားလိုင်စင်မှာ လျှောက်ထားချိန်တွင် နှစ်ပေါင်း ၃၄ နှစ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်ခြင်း၊ သက်တမ်းကုန်ဆုံးပြီးဖြစ်၍ အလိုအလျောက် အစိုးရမြေအဖြစ် ရောက်ရှိပြီးဖြစ်သည့်အပြင် ဦးစိုင်းစံမြတ်သို့ မြေငှားဂရန်ထုတ်ပေးထားပြီးဖြစ်ခြင်း၊

(ဃ) အခင်းဖြစ်မြေဖြစ်သော လားရှိုးမြို့ ရပ်ကွက်(၂) မြေကွက်အမှတ် (၃၅) ဦးပိုင်အမှတ် (၅၇) မြေဧရိယာ ဝ.၁၆၁ ဧကအား မူလပိုင်ဆိုင်ခဲ့သည်ဆိုသော ဦးပေါ်အေး(ခ)ဦးရင်ကြီး ၏ ဂရန်သက်တမ်းနှစ်တိုးခြင်းမှာ ကာလစည်းကမ်းသတ် ကာလကျော်လွန်ပြီးမှ လျှောက် ထားခြင်းဖြစ်၍ အဆင့်ဆင့်သော လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့မှ ပယ်ခဲ့ပြီးဖြစ်ခြင်း၊

(င) အထက်ပါအကြောင်းများကြောင့် လက်ရှိနေထိုင်လျက်ရှိသော ဦးစိုင်းစံမြတ်မိသားစု သာလျှင် လက်ရှိဂရန်သက်တမ်းတိုးမြှင့်၍ ဆက်လက်ချထားပေးသင့်ကြောင်း လားရှိုး မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အစည်းအဝေးအမှတ်စဉ် (၄/၁၁)

ဆုံးဖြတ်ချက်အရ တင်ပြခဲ့ရာ ရှမ်းပြည်နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်များတွင် ကျင်းပခဲ့သော အစည်းအဝေးများမှ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ပြန်ကြားခဲ့ခြင်း၊

(စ) ယင်းဂရန်သက်တမ်းကို ၁၉၈၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့အထိ ၁၀ နှစ်သက်တမ်း ထပ်မံတိုးမြှင့်ထားပြီးဖြစ်ခြင်း၊

(ဆ) အဆိုပါ ဂရန်သက်တမ်းမကုန်ဆုံးမီ ဦးပိုင်ခဲ့စိတ်၍ ဦးစိုင်းစံမြတ်နှင့် ဦးချမ်းစိန်တို့ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့အထိ ဂရန်ထုတ်ပေးထားပြီးဖြစ်ခြင်းတို့ကို တွေ့ရှိရပြီး ဂရန်များအား ပြန်လည်သုံးသပ်ပြင်ဆင်ရန် သက်သေများမရှိတော့၍ ကာလစည်းကမ်းသတ်ဥပဒေအရ ကိုက်ညီမှုရှိကြောင်း တင်ပြလာပါသည်။

သို့ပေမယ့်လည်း မြေငှားဂရန်ကိစ္စမှာ ကာလကြာမြင့်နေပြီဖြစ်တဲ့အတွက် မူလမြေငှားဂရန်ထုတ်ယူရရှိခဲ့မှုအခြေအနေ၊ လက်ရှိမြေငှားဂရန်ပိုင်ဆိုင်မှုအခြေအနေ၊ မြေပြင်မှာအမှန်တကယ်နေထိုင်မှုအခြေအနေနဲ့ အမှုတွဲပါ အထောက်အထားစာရွက်စာတမ်းများ မှန်ကန်တိကျမှုအခြေအနေများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်နိုင်ဖို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)က သက်ဆိုင်ရာ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရွှေပေါက်ကံမြို့သစ်ရပ်ကွက်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သီးခြားမြို့နယ်အသစ်တစ်ခုအဖြစ် သတ်မှတ်ဖွဲ့စည်းပေးရန်ရှိ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းကိုယ်စား ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မက ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းကိုယ်စား မေးမြန်းဖို့ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက်

တစ်ခုအဖြစ် ပါဝင်လျက်ရှိတဲ့ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်ဟာ ရပ်ကွက်ခွဲပေါင်း ၁၁ ခုရှိ၍ လူဦးရေ ၅၀၀၀၀ နီးပါးရှိပါတယ်။ အစိုးရရုံး ၅ ခုနှင့် စက်မှုဇုန်တစ်ခုရှိ၍ (က)အဆင့် ရဲစခန်းလည်း ရှိပါတယ်။ တခြားရှိသင့်ရှိထိုက်တဲ့ မြို့နယ်တစ်ခု၏အင်္ဂါရပ်များနှင့်လည်း ပြည့်စုံပါတယ်။ မြို့ဧရိယာအကျယ်အဝန်း မှာလည်း မူလမြောက်ဥက္ကလာပမြို့နယ် အကျယ်အဝန်းခန့်ရှိပါတယ်။ မေးခွန်းကတော့ ရွှေပေါက်ကံ မြို့သစ်ရပ်ကွက်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သီးခြားမြို့နယ်အသစ်တစ်ခုအဖြစ် သတ်မှတ် ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ၊ မရှိသိလိုပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်ကိုယ်စား ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က မေးမြန်းသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းရဲ့ မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မှာ လက်ရှိ အခြေအနေအရ ခရိုင် ၄ ခရိုင်၊ မြို့နယ် ၄၅ မြို့နယ်၊ မြို့နယ်ခွဲ ၁ ခု၊ မြို့ ၂၁ မြို့၊ ရပ်ကွက် ၇၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁၉ အုပ်စု၊ ကျေးရွာပေါင်း ၂၁၂၈ ရွာတို့နှင့် ဖွဲ့စည်းထားရှိပါတယ်။ ခိုင်မာသော အုပ်ချုပ်ရေးစနစ်ထူထောင်ရန်နှင့် တရားဥပဒေစိုးမိုးမှုတိုးတက်လွှမ်းခြုံနိုင်ရန် ရည်မှန်းချက်တို့နှင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ပြည်သူများအား ပြည့်ပြည့် ဝဝထိရောက်စွာ စီမံဆောင်ရွက်ပေးနိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအသစ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရပ်ကွက်က ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်နှင့် ဖွဲ့စည်းထားရှိပြီး ဧရိယာ ၃.၃၉ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ မြေကွက်ပေါင်း ၁၀၁၅၇ ကွက်ဖော်ထုတ်ထားပြီး အိမ်ခြေ ၉၀၈၅ လုံး၊ အိမ်ထောင်စု ၇၇၈၀ စုနှင့် လူဦးရေ ၄၄၄၃၉ ဦး နေထိုင်လျက်ရှိပါတယ်။ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ထားရှိမှုအနေနဲ့ (ခ)အဆင့်ရဲစခန်း၊ ဒေသန္တရ ကျန်းမာရေးဌာနခွဲ၊ အဆောက်အဦရှိ ဝန်ထမ်းဖွဲ့စည်းပုံမရှိ၊ ဆက်သွယ်ရေး၊

စာတိုက်၊ အော်တိုတယ်လီဖုန်းရုံး၊ မီးသတ်စခန်း ၃ ယူနစ်၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း၊ အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း သုံးကျောင်းနှင့် ရွှေပေါက္ကံစက်မှုဇုန်တစ်ခုရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ လေ့လာသုံးသပ်တင်ပြချက်အရ မြောက်ဥက္ကလာပမြို့နယ် တစ်ခုလုံးဟာ လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေး အဆင်ပြေချောမွေ့တဲ့ဒေသတစ်ခုဖြစ်ပြီး မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း လက်လှမ်းမီစွာ စီမံအုပ်ချုပ်ဆောင်ရွက်နိုင်တဲ့ ရွှေပေါက္ကံမြို့သစ်ရပ်ကွက်ကို သီးခြားမြို့နယ်အသစ်တစ်ခုအဖြစ် သတ်မှတ်ဖွဲ့စည်းပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အင်းစိန်အကျဉ်းထောင်မှ တရားရုံးများတွင် အချုပ်တရားခံများနှင့် အမှုထပ်တိုးအကျတရားခံများကို ရုံးချိန်းအလိုက် သက်ဆိုင်ရာတရားရုံးများသို့ ရုံးထုတ်သည့်အခါ အထူးသဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်သို့ ရုံးထုတ်တရားခံများပို့ဆောင်ရာတွင် အင်အားမမျှမတဖြစ်နေသဖြင့် အချုပ်သားများ ကျဉ်းကျဉ်းကျပ်ကျပ် ဒုက္ခကြီးစွာလိုက်ပါနေရသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ အင်းစိန်အကျဉ်းထောင်မှ တရားရုံးများတွင် အမှုရင်ဆိုင်လျက်ရှိသည့် အချုပ်တရားခံများနှင့် အမှုထပ်တိုးသည့် အကျတရားခံများကို ရုံးချိန်းအလိုက် သက်ဆိုင်ရာတရားရုံးများသို့ ရုံးထုတ်သည့်အခါ အထူးသဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများဖြစ်ကြသော သဃ်န်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ် တရားရုံးများသို့ ရုံးထုတ်တရားခံများပို့ဆောင်သည့်အခါ အင်အားမမျှတဖြစ်သည့် အချုပ်သားများ ကျဉ်းကျဉ်းကျပ်ကျပ်နှင့် ဒုက္ခကြီးစွာခံစားလျက် လိုက်ပါနေရသည်ကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့်သိပါသလား။ (ခ) မသိသေးပါက တရားရုံးသို့ ထုတ်သင့်သည့် အချုပ်သားများအား လူ့အခွင့်အရေးနှင့်ညီစွာ ခံစားနိုင်ရေးအတွက် မည်သို့ဆက်လက်ဆောင်ရွက်ပေးပါမည်နည်း။ (ဂ) သယ်ယူပို့ဆောင်ပေးသည့်အချုပ်ကားများသည်လည်း ဟောင်းနွမ်းချို့ယွင်း

နေပြီဖြစ်၍ အန္တရာယ်နှင့်နီးကပ်နေသောကြောင့် ယာဉ်အသစ်များလဲလှယ်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော်မှ ဖြေကြား သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှာ အချုပ်ယာဉ်ပေါင်း ၉၀ စီးရှိပြီး ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှာ ၂၇ စီးရှိပါတယ်။ ယခင်က ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် ဘဏ်လမ်းမှာရှိတဲ့ စုပေါင်းတရားရုံးမှာ တရားရုံးများကို တစ်စုတစ်စည်းတည်းထားရှိပြီး တရားစီရင်ရေးအပိုင်းကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် စုပေါင်းရုံးမှာရှိတဲ့ တရားရုံးအသီးသီးသို့ အချုပ်ယာဉ်များနှင့် အင်းစိန်အကျဉ်းထောင်က အချုပ်သားနှင့်တရားခံများကို အမှုစစ်ဆေးရာ တရားရုံးများကို ပို့ဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ၂၀၁၂ ခုနှစ် မေလခန့်ကစပြီး ဘဏ်လမ်းမှာ ရှိတဲ့ စုပေါင်းရုံးက အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်တရားရုံးများကို သင်္ဃန်းကျွန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ်များမှာရှိတဲ့ တရားရုံးများသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တဲ့အတွက်ကြောင့် အဲဒီတရားရုံးများကို ခွဲဝေပို့ဆောင်ပေးလျက်ရှိပါတယ်။ အဲဒီလိုပို့ဆောင်ပေးနေတဲ့ အချုပ်ယာဉ် ၂၇ စီး အနက် ပြင်ဆင်မရတဲ့ ယာဉ် ၅ စီးနှင့် အကြီးစားပြုပြင်နေတဲ့ ယာဉ် ၇ စီးရှိလို့ အချုပ်ယာဉ် ၁၅ စီး နဲ့သာ အင်းစိန်အကျဉ်းထောင်မှ တိုင်းစုပေါင်းရုံးကို တစ်စီး ၂ ခေါက်နှုန်းနဲ့ ရုံးထုတ်တဲ့အချုပ်သား ဦးရေပေါ်မူတည်ပြီး သယ်ယူပို့ဆောင်ပေးခဲ့ရပါတယ်။ အချုပ်ယာဉ်ကြီးပေါ်မှာ ကျား ၄၀ ဦးနှင့် မ ၅ ဦး၊ ပေါင်း ၄၅ ဦး အချုပ်ယာဉ်ငယ်ပေါ်မှာ ကျား ၂၅ ဦးနှင့် မ ၅ ဦး၊ ပေါင်း ၃၀ ဦးကို လူအပြည့် ပုံမှန်သယ်ဆောင်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီလို ပြည်နယ်နှင့်တိုင်းဒေသကြီး ရဲတပ်ဖွဲ့များမှာ အချုပ်ယာဉ်တွေ လုံလောက်မှုမရှိတဲ့အတွက် ဖြည့်ဆည်းပေးရေးဆောင်ရွက်လျက်ရှိရာမှာ ရန်ကုန်နှင့် မန္တလေးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များမှာရှိတဲ့ မြို့နယ်များအတွက် အချုပ်ယာဉ် များ ဝယ်ယူခွင့်တင်ပြတောင်းခံခဲ့ရာ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှာ အချုပ်ယာဉ် ၁၆ စီး ဝယ်ယူခွင့် ခွင့်ပြုခဲ့တဲ့အတွက် ဘဏ္ဍာငွေရရှိပြီးပါက အချုပ်ယာဉ်အသစ်များ အစားထိုးလဲလှယ်

ပေးနိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။အမရပူရမဲဆန္ဒနယ်မှဦးသိန်းထွန်းဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်သောမေးခွန်းအား မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ၂၀၁၂ခုနှစ် ဒီဇင်ဘာလအတွင်း ရွေးချယ်ခန့်ထားရာ၌ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေနှင့် ပြည်ထဲရေးဝန်ကြီးဌာနအမိန့်ကြော်ငြာစာအမှတ် (၃၈၆/၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန် ၃၀-၁၁-၂၀၁၂ရက်နေ့က ထုတ်ပြန်ခဲ့ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ရွေးချယ်ခဲ့ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ(ခ) တွင် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၃၆ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော အာဏာအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် (၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရန် ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်တာဝန်ပေးအပ်ရာ၌ ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟုလည်းကောင်း၊ အသက်၄၅နှစ်အထက်ဖြစ်ရမည်ဟုလည်းကောင်း အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ထားပါသလား။ (၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရာ၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဃ)၊ နည်းဥပဒေပုဒ်မ ၆၊ နည်းဥပဒေပုဒ်မ၈တို့နဲ့အညီ ဆောင်ရွက်ခြင်းများ မရှိခဲ့သည်ကိုသိရှိပါသလား။ သိရှိလျှင်မည်ကဲ့သို့အရေးယူ ဆောင်ရွက်ပါမည်နည်း။ (၃) ရပ်ကွက်

သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရန်အတွက် ဆယ်အိမ်စုကိုယ်စားလှယ် ရွေးချယ်ရာ၌ အစိုးရဝန်ထမ်းများအား ဆန္ဒမဲပေးပိုင်ခွင့်မရှိဟုလည်းကောင်း၊ အစိုးရဝန်ထမ်းများ၏ အိမ်ထောင်စုဝင် အစိုးရဝန်ထမ်းမဟုတ်သူများအား ဆယ်အိမ်စုကိုယ်စားလှယ်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ပိုင်ခွင့် မရှိဟုလည်းကောင်း အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ထားပါသလား။ ထုတ်ပြန်ထားမှုမရှိဘဲ ဆောင်ရွက်ခဲ့လျှင် မည်ကဲ့သို့အရေးယူ ဆောင်ရွက်ပါမည်နည်း။ (၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်ရန်အတွက် လည်းကောင်း၊ ဆယ်အိမ်စုကိုယ်စားလှယ်ရွေးချယ်ရာ၌ လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေးဝန်ထမ်းများ ဝင်ရောက်ခြယ်လှယ်ခွင့်ရှိပါသလား။ ရှိလျှင်မည်ကဲ့သို့ အရေးယူဆောင်ရွက်ပါမည်နည်း။ (၅) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ(ခ) အရ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများရှိ၊ မရှိ။ ရှိလျှင်အသေးစိတ် သိရှိလိုပါ၍ ဖြေကြားပေးနိုင်ပါရန်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ရွေးချယ်ရာ၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်မှုမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းများရှိ၊ မရှိ။ ရှိလျှင် မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကိုသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော်မှဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ၆နဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ၃ မှာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရန်အတွက် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အများကြည်ညိုလေးစားပြီး သြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖငါးဦးကိုရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ဖို့ကြီးကြပ်ရေးအဖွဲ့

ကို ရွေးချယ်တာဝန်ပေးအပ်ရာမှာ ပါတီနိုင်ငံရေးကင်းရှင်းရမည်၊ အသက် ၄၅ နှစ် အထက်ဖြစ်ရမည် ဆိုတဲ့ အမိန့်၊ ညွှန်ကြားချက်ထုတ်ပြန်ထားခြင်းမရှိပါ။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ၂ နည်းဥပဒေခွဲ(ဃ)၊ ၃၊ ၆၊ ၈ တို့နဲ့အညီမဆောင်ရွက်ခဲ့ဘဲ ပြည်ထဲရေးဝန်ကြီးဌာနသို့ တိုင်ကြားခြင်းများမရှိတဲ့အတွက် ၎င်းအချက်နှင့်ပတ်သက်၍ မသိရှိနိုင်ပါ။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေနှင့်နည်းဥပဒေအရ ဆောင်ရွက်ခြင်းမရှိကြောင်းသိရှိလို့ရှိရင် အချက်အလက်ပြည့်စုံစွာနဲ့ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်ထဲရေးဝန်ကြီးဌာနများကို တိုင်ကြားနိုင်ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၅ (ည)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် တာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းမဟုတ်ခြင်းလို့ ဖော်ပြထားရှိတဲ့အတွက် လက်ရှိတာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းများက ဆယ်အိမ်စုကိုယ်စားလှယ်များအဖြစ် ဝင်ရောက်ရွေးချယ်ခံခွင့်မရှိပါ။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ဖို့အတွက် ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းရာမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ အများကြည်ညိုလေးစားပြီး ဩဇာတိက္ကမရှိတဲ့ ရပ်မိရပ်ဖ ငါးဦးကို ရွေးချယ်ပြီး ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်ဆိုပြီး ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရာမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေနဲ့ နည်းဥပဒေများ ထုတ်ပြန်ထားရှိပြီးဖြစ်လို့ လုံလောက်မှုရှိတဲ့အတွက် သီးခြားအမိန့်ကြော်ငြာစာနဲ့ အမိန့်များ ထုတ်ပြန်ထားခြင်းမရှိပါ။ သို့ပေမဲ့လည်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်ဆောင်ရွက်သွားဖို့ ညွှန်ကြားထားရှိပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာမှာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ ညီညွတ်မှုမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းများရှိပါက သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်ထဲရေးဝန်ကြီးဌာနကို အချက်အလက်ပြည့်စုံစွာနှင့် တင်ပြတိုင်ကြားနိုင်ပါတယ်။ တိတိကျကျတိုင်ကြားမှုများရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ စစ်ဆေးပြီး မှန်ကန်ရင်ဝန်ထမ်းဖြစ်လို့ရှိရင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနဲ့အညီ အရေးယူ

ဆောင်ရွက်သွားမှာဖြစ်ပြီး ဝန်ထမ်းမဟုတ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နည်းဥပဒေ ၁၁၆ (ဃ) အရ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်း မရှင်းလင်းသော မေးခွန်းကို မေးမြန်းခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မေးခွန်းနံပါတ် (၃) မှာ ပြည်ထဲရေးဒုတိယဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (ည) ကို ကျွန်တော့်အနေနဲ့ နားလည်သိရှိထားပြီး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းတာက အစိုးရဝန်ထမ်းများအား ဆန္ဒမဲပေးပိုင်ခွင့်မရှိဆိုတဲ့ဟာမျိုး၊ နောက်အစိုးရဝန်ထမ်းများရဲ့ အိမ်ထောင်စု ဝင် အစိုးရဝန်ထမ်းမဟုတ်သူတွေကို အိမ်ထောင်စုကိုယ်စားလှယ်အဖြစ်၊ အစိုးရဝန်ထမ်းရဲ့ အိမ်ထောင်စုဝင်တော့ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အိမ်ထောင်စုဝင်ဟာ အစိုးရဝန်ထမ်း မဟုတ်ပါ ဘူး။ အဲဒီ အိမ်ထောင်စုဝင် အစိုးရဝန်ထမ်းမဟုတ်သူတွေကို ဆယ်အိမ်စုကိုယ်စားလှယ်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ပိုင်ခွင့်ရှိ၊ မရှိ ဆိုတဲ့ မေးခွန်းလေးကို ကျွန်တော့်အနေနဲ့ မရှင်းလင်းတဲ့အတွက် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဒုတိယဝန်ကြီးအနေနဲ့ ဖြေနိုင်ရင်ဖြေပါ။ မဖြေနိုင်လည်း သီးခြား ဖြေပါ။

**လျှပ်စစ်ဓာတ်အားရရှိပြီးသော မြို့နယ်များသို့ လျှပ်တာပြောင်း (Transformer) များ ထပ်မံချပေးရာတွင် ၁၁၀၀၀ ကေဗွီကြေးနန်းကြိုးများ၊ ကြွေသီးများနှင့် ဆက်စပ်ပစ္စည်းများ ချပေးခြင်းရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကြံ့ခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင်၊ ပြည်မဲဆန္ဒနယ် မှ ဦးဝင်းမြင့်၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးတို့ တစ်ဦးပြီး တစ်ဦး ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင် (ကြံ့ခင်းမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က တော့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံ့ခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ တင်မောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ Transformer များနဲ့ ပတ်သက်လို့ သိလိုသည်

များကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဓာတ်အား ရရှိပြီးသော မြို့နယ်များမှာ လျှပ်တာပြောင်း(Transformer) များ ထပ်မံချထားပေးလျက်ရှိရာမှာ ဒီ Transformer များသာပါပြီးတော့ ဆက်စပ်ပစ္စည်းများဖြစ်ကြသော ကြွေသီးများ၊ ၁၁၀၀၀ ကေဗွီ ကြေးနန်းကြိုးများ၊ တိုင်များနှင့် သယ်ယူခများပါရှိလာခြင်းမရှိသဖြင့် မိဘပြည်သူများမှာ ယင်းဆက်စပ် ပစ္စည်းများအတွက် သိန်း ၃၀၊ သိန်း ၈၀၊ သိန်း ၁၂၀ စသည်ဖြင့် ထည့်ဝင်နေကြရသည်ဟု သိရှိရပါ တယ်။ ယခုအခါတွင် နိုင်ငံတော်၏ တာဝန်များကို မိဘပြည်သူများမှ တတ်နိုင်သမျှ မျှတထမ်းဆောင်ရ မည်မှာ မှန်သော်လည်း စိုက်ထုတ်ရမည့်ငွေကြေးများ များပြားလာပါက စိုက်ထုတ်နိုင်ခြင်းမရှိတဲ့ အတွက် ရရှိလာသော Transformer များ တပ်ဆင် နိုင်ခြင်းမရှိပါ။ သက်ဆိုင်ရာသို့တင်ပြသော်လည်း မတတ်နိုင်ပါက တတ်နိုင်မှသာလျှင် တပ်ဆင်ပေးမည်ဟုသာ ပြောပြီး မိမိတို့အနေဖြင့် Transformer များသာရရှိလို့ ဆက်စပ်ပစ္စည်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်ပေးခြင်းမရှိသောကြောင့် တပ်ဆင်ပေးနိုင်ခြင်း မရှိကြောင်း သိရှိရပါတယ်။ သို့ပါ၍ Transformer များချထားပေးပြီးဖြစ်သော ကြံခင်းမြို့နယ်အတွက် ဆက်စပ် ပစ္စည်းများချထားပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလို၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တောင်နဝင်းရေအားလျှပ်စစ်စီမံကိန်း (SNHP) အား ပြန်လည်ဖော်ထုတ်အကောင်အထည်ဖော်ရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဖြစ်ပါတယ်။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပေါက်ခေါင်း မြို့နယ်အတွင်းမှာ ၁၉၈၅-၁၉၈၆ ခုနှစ်က ဂျပန်နိုင်ငံက (Oversea Economics Cooperative Fund- OECF) ခေါ် ပင်လယ်ရပ်ခြားစီးပွားဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့က တောင်နဝင်းဆည်ကို စိုက်ပျိုးရေ အတွက်ရယ်၊ သောက်သုံးရေအတွက်ရယ် လျှပ်စစ်မီးရရှိရေးအတွက် ဆိုပြီးတော့ Multiple Purposes ရည်ရွယ်ချက်သုံးမျိုးနဲ့ တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၈၈ ခုနှစ်မှာ အခြေအနေအရပ်ရပ်ကြောင့် ချေးငွေများရပ်ဆိုင်းခဲ့ရပြီး စိုက်ပျိုးရေရရှိရေးအတွက်သာ တောင်နဝင်း ဆည်ကြီးကို ၁၉၉၄-၁၉၉၅ ခုနှစ်မှ အပြီးတည်ဆောက်နိုင်ခဲ့ပါတယ်။ ပထမရည်ရွယ်ချက်မှာပါတဲ့ တောင်နဝင်းဆည်ရေအားလျှပ်စစ်စီမံကိန်း (Soft Nawin Hydropower Project -SNHP) ကိုတော့

ရပ်ဆိုင်းထားတာ တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် နောက်နောင်တွေမှာ အဆင်ပြေတဲ့အချိန်မှာ ရေအား လျှပ်စစ်ထုတ်လုပ်နိုင်ရန် ရေလှောင်တမံရဲ့အောက်ခြေမှာ ပင်မဖိအားမြင့် ပိုက်လိုင်းများဖြင့် ၁ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သော စက်နှစ်လုံးတပ်ဆင်နိုင်ရေးအတွက် ပြွန်နှစ်ခုကို စနစ်တကျထုတ်ထားခဲ့တာကို တွေ့ရှိရပါတယ်။ အဲဒီပြွန်နှစ်ခုအဆုံးမှာ သံမဏိပြားများဖြင့် ဂဟေဆော်ပြီး ယာယီပိတ်ထားတာကို လည်း တွေ့ရှိရပါတယ်။ ခြုံငုံတင်ပြရပါလျှင် ၂ မဂ္ဂါဝပ်ထုတ်လုပ်နိုင်တဲ့ ရေအားလျှပ်စစ်စီမံကိန်းစက်ရုံ နေရာအပါအဝင် အသေးစားလျှပ်စစ်စက်ရုံတည်ဆောက်နိုင်တဲ့ အခြေအနေအားလုံးအဆင်သင့်ရှိနေ ကြောင်း ပညာရှင်များကမှတ်ချက်ပြုထားပါတယ်။ ၎င်းတောင်နဝင်းဆည် ရေအားလျှပ်စစ်စီမံကိန်း (SNHP) ကို အကောင်အထည်ဖော်နိုင်ခဲ့ပါလျှင် ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်အစရှိတဲ့ ပြည်ခရိုင် အတွင်းမှာရှိတဲ့ မြို့နယ်များကိုပေးပို့နေတဲ့ နိုင်ငံတော်ဓာတ်အားစနစ်ကို ကူညီဖြန့်ဖြူးပေးနိုင်မှာ ဖြစ်တဲ့တွက် ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းများကို မေးလိုပါတယ်။

မေးခွန်းနံပါတ် (၁) ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်းဆည် စီမံကိန်းမှာ ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းများ၊ ဆည်မြောင်း၊ လျှပ်စစ်က နောင်တွင်ဆောင်ရွက်နိုင် ပါရန် ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ သံမဏိဖိအားပိုက်လိုင်းများကို စက်မှုလျှပ်စစ်ပိုင်းဆိုင်ရာ ဆက်စပ် ပစ္စည်းအချို့ကို မြေတွင်တစ်ပိုင်းတစ်စချန်ထားခဲ့ပါသဖြင့် တောင်နဝင်းဆည်ရေအားလျှပ်စစ်စီမံကိန်း (SNHP) ကို ပြန်လည်ဆက်လက် အကောင်အထည်ဖော်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ။ နံပါတ်(၂) ရေအားလျှပ်စစ်စီမံကိန်းအား ပြန်လည်အကောင်အထည်ဖော်ပေးနိုင်ရန် အစီအစဉ်ရှိပါက မည်သည့် အချိန်၊ ခုနှစ်တွင်စတင်ပြီး မည်သည့်အချိန်တွင် ပြီးစီး၍ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မည်။ မေးခွန်း နံပါတ် (၃) နိုင်ငံတော်ဓာတ်အားစနစ်နှင့် ပေါင်းတလည်ဓာတ်အားခွဲစက်ရုံ ၆၆/၃၃ ကေဗွီမှ တစ်ဆင့် ပေါင်းတလည်-ပေါက်ခေါင်း ၃၃ ကေဗွီ မဟာဓာတ်အားလိုင်းသွယ်ထားရန် အစီအစဉ်ရှိပါက ဒေသ အတွင်း လျှပ်စစ်အာမခံချက် ၁၁ ကေဗွီအေ သီးခြားလိုင်းနှင့် လိုအပ်သလို ခွဲခြားဓာတ်အား ဖြန့်ဖြူး နိုင်ရန်အစီအစဉ်ရှိ၊ မရှိ။ မေးခွန်းနံပါတ် (၄) အထက်ပါမေးခွန်းနံပါတ် (၁၊ ၂၊ ၃) တို့ကို ဆောင်ရွက် ပေးရန် အစီအစဉ်မရှိပါက နိုင်ငံတော်က ဖိတ်ခေါ်အားပေးမှု အစီအစဉ်သုံးရပ်အနက်တစ်ခုဖြစ်သော တိုင်းရင်းသားကုမ္ပဏီတစ်ခုခုမှ ဘီအိုတီစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြု၊ မပြုကို သိလိုပါကြောင်း မေးလိုပါတယ်ခင်ဗျား ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ထောက်ကြန့်မြို့အဝင်ရှိ ရန်ကုန်-ပြည်လမ်းမကြီးနှင့် ရန်ကုန်-မန္တလေးလမ်းမကြီး အမှတ်(၁) လမ်းကို ဆက်သွယ်သော ရှောင်လမ်းရှိ ရပ်ကွက်များအတွက် လမ်းမီးများ ထွန်းပေးပါရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့သည် ရန်ကုန်မြို့တော်သို့ အဝင်မြို့တစ်မြို့ ဖြစ်ပါတယ်။ မြို့အဝင်မှာ ရန်ကုန်-ပြည် လမ်းမကြီးနှင့် ရန်ကုန်-မန္တလေးလမ်းမကြီးလမ်းကို ဆက်သွယ်ထားတဲ့ ၂ မိုင် ၂ ဖာလုံအရှည် မြို့ရှောင်လမ်းတစ်ခုကို နိုင်ငံတော်ကနေပြီးတော့ ဖောက်လုပ်ပေးထားပါတယ်။ ၎င်းမြို့ရှောင်လမ်းရဲ့ အရှေ့ဘက်ခြမ်းဟာ မှော်ဘီမြို့နယ်ဖြစ်ပါတယ်။ ၎င်းမြို့နယ်အနောက်ဘက်ခြမ်းဟာ ကျွန်တော်တို့ မင်္ဂလာဒုံမြို့နယ် ရပ်ကွက်များရှိပါတယ်။ မကြာသောကာလမှာလည်း ကျွန်တော်တို့ ရန်ကုန်တစ်မြို့လုံးကို ဖြန့်ဖြူးတဲ့ ကုန်စိမ်းဈေးကြီးကို အဲဒီမြို့ရှောင်လမ်းကို ပြောင်းရွှေ့တော့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ပြည်သူလူထုများ သွားလာရေးအဆင်ပြေရန်နှင့် မလိုလားအပ်တဲ့ ဒုစရိုက်များမဖြစ်ပေါ်စေရန်အတွက် လမ်းမီးတန်းများထွန်းပေးပါရန်နှင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို ဖြေကြားပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မင်းလှမြို့နယ် စစ်ကွင်း(မြို့) ကျေးရွာအုပ်စုတွင် ဓာတ်အားခွဲရုံတည်ဆောက်ပေးရန် ကတိကဝတ်ပြုထားသည့်အတိုင်း မည်သည့်အတွက် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကိုလည်းကောင်း၊ ဓာတ်အားခွဲရုံအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါသည်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပုဂ္ဂိုလ်များအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် စစ်ကွင်း(မြို့) ကျေးရွာအုပ်စုတွင် ဓာတ်အားခွဲရုံတည်ဆောက်ပေးရေးအတွက် မင်းလှမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး၏ ကြယ်ပွင့်မပြသောမေးခွန်းကို တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စာဖြင့်ဖြေကြားခဲ့ပါ

သည်။ သို့ရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံခြင်း မတွေ့ရှိရဘဲ ဆောင်ရွက်ပေးခြင်းလည်းမရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ကတိကဝတ်ပြုထားသည့်အတိုင်း မည်သည့်အတွက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကိုလည်းကောင်း၊ ဖော်ပြပါ စစ်ကွင်း(မြို့)ကျေးရွာအုပ်စု ဓာတ်အားခွဲရုံအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ဆောက်လုပ်ပေးသွားမည်ကိုလည်းကောင်း သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ အားလုံးအတွက် တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင်၏ မေးခွန်းနှင့်ပတ်သက်ပြီး ပထမဖြေကြားသွားမှာဖြစ်ပါတယ်။

နှစ်စဉ်တိုးတက်လာတဲ့ ဓာတ်အားသုံးစွဲမှုအပေါ် မူတည်ပြီး လိုအပ်သော လျှပ်တာပြောင်း ခေါ် Transformer များကို ဌာနမှ ထပ်မံတိုးချဲ့ တည်ဆောက်ပေးလျက်ရှိရာ Transformer များနှင့်ဆက်စပ်ပစ္စည်းများဖြစ်တဲ့ ကြိုးများ၊ ကြွေသီးများနှင့် အခြားပစ္စည်းများကိုလည်း နှစ်အလိုက်ရရှိသော ရန်ပုံငွေအပေါ် မူတည်ပြီးဌာနမှ ဝယ်ယူဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဌာနမှရရှိသော ရန်ပုံငွေများမှာ ဓာတ်အားဖြန့်ဖြူးစနစ်ကောင်းမွန်စေရေးအတွက် အသစ်ထပ်မံတိုးချဲ့ တည်ဆောက်ပေးရသလို တည်ဆောက်ပြီးဖြစ်သော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်လဲလှယ်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်နေကြပါတယ်။ ကြိုတင်လျာထားတဲ့ အစီအစဉ်များဖြစ်တဲ့ ဆောင်ရွက်သော လုပ်ငန်းများဖြစ်ပါက Transformer နှင့် ကြိုးများ၊ ကြွေသီးများစသည့် ပစ္စည်းများကို ကြိုတင်တွက်ချက်ဝယ်ယူဖြည့်ဆည်းပေးနိုင်ပါတယ်။ သို့သော် လတ်တလော လိုအပ်လာသည့်လုပ်ငန်းများဖြစ်ပါက ရရှိနိုင်သော ပစ္စည်းကိုသာ စောလျင်စွာ ဖြည့်တင်းပေးနိုင်ပြီး ကျန်ပစ္စည်းများကို

ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်ဖြည့်တင်းပေးရသည်များရှိပါတယ်။ ဒါ့ကြောင့် Transformer ကိုသာ လတ်တလောထုတ်ပေးခဲ့ပြီး ကျန်ပစ္စည်းများကို ဆက်လက်ဖြည့်တင်းပေးရခြင်း ဖြစ်ပါတယ်။ အချို့ဒေသများမှာ အဓိကပစ္စည်းဖြစ်တဲ့ Transformer ကိုရရှိပါက အခြားဆက်စပ် ပစ္စည်းများကို စိုက်ထုတ်ဆောင်ရွက်ကြခြင်းဖြင့် လုပ်ငန်းအမြန်ပြီးစေရန် ကူညီဆောင်ရွက်ကြပါတယ်။ သို့သော် လိုအပ်သောဆက်စပ်ပစ္စည်းများအတွက် အလှူငွေကောက်ခံခြင်းကို ဌာနမှတားမြစ်ထား သည့်အတွက် စေတနာအလျောက် လှူဒါန်းလိုပါက အလှူရှင်ကအဆိုပြုသော လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ စိစစ်လက်ခံဆောင်ရွက်ခွင့်ပြုလျက်ရှိပါတယ်။ ဒါ့ကြောင့် ကြိုတင်၍ စနစ်တကျစီမံ ဆောင်ရွက်သော လုပ်ငန်းများအတွက် Transformer များ တည်ဆောက်ပေးရာမှာ လိုအပ်သောကြိုး၊ ကြေွသီးနှင့် ဆက်စပ်ပစ္စည်းများကို ဌာနမှတစ်ပြိုင်တည်းထုတ်ပေးပြီး ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း ဖြေကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်၏ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံအား ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ဂျပန်နိုင်ငံပင်လယ် ရပ်ခြား စီးပွားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့မှချေးငွေဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်စဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စက်အင်အား ၁.၁ မဂ္ဂါဝပ် စက် ၂ လုံးတပ်ဆင်၍ နှစ်စဉ်ပျမ်းမျှ ၉.၅၅ ကီလို ဝပ်နာရီသန်းပေါင်း ထုတ်လုပ်ရန်လျာထားခဲ့ ပါတယ်။ ၁၉၈၈ ခုနှစ်မှာ အခြေအနေအရပ်ရပ်ကြောင့် လျှပ်စစ်ကဏ္ဍအတွက် ချေးငွေရပ်ဆိုင်းခဲ့ပြီး တော့ ဆည်စီမံကိန်းလုပ်ငန်းများကိုသာ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၄-၁၉၉၅ ခုနှစ်မှာ တောင်နဝင်းရေလှောင်တမံပြီးစီးခဲ့ပြီး တမံအောက်ခြေမှထွက်သည့် ပင်မဖိအားမြှင့်ပိုက်လိုင်း စိုက်ပျိုးရေပေးဝေမည့် ပိုက်လိုင်းနှင့် ရေအားလျှပ်စစ်စက်နှစ်လုံးအတွက် ပြွန်နှစ်ခွ Bifurcation ပြုလုပ်ခဲ့ပြီး သံမဏိပြားယာယီအပိတ် Bilind Cover ဖြင့် ဂဟေဆော်ထားရှိခဲ့ပါတယ်။ တောင်နဝင်း ရေလှောင်တမံဟာ ရေဝင်အားကောင်းသည့် တမံကြီးဖြစ်ပြီး နှစ်စဉ်ရေအသုံးချနိုင်မှုမှာ ၂၅၀၀၀၀ ဧကပေခန့်ရှိသော်လည်း နှစ်စဉ် နွေစပါး ၁၂၀၀၀၀ ဧကပေခန့်သာ သုံးစွဲခဲ့ပါတယ်။ တောင်နဝင်း ရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက တမံရဲ့အခြေ အနီးတွင် စက်ရုံတည်ဆောက်ရန် မြေကြီးတူးဖော်ခြင်းလုပ်ငန်းနှင့် ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်

ရမှာဖြစ်ပါတယ်။ ရေလှောင်ပမာဏ များပြားချိန်မှာ မြေကြီးတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါက တမံရဲ့လုံခြုံစိတ်ချရမှုအတွက် ဦးစားပေးစဉ်းစားရန်လိုအပ်ခြင်း၊ အလွန်ခက်ခဲခြင်းတို့ကြောင့် ရေအား လျှပ်စစ်ဆက်နွယ်သည့် လုပ်ငန်းများအား ရပ်ဆိုင်းထားရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ရေအားလျှပ်စစ် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပါက ကန်ရေသေနိမ့်မြင့်မှတ်သို့ရောက်ရှိရန် ဆောင်ရွက်ရမည် ဖြစ်ပြီး ရေလွှတ်ထုတ်ခြင်းလုပ်ငန်းကို စက်တင်ဘာလမှ ဒီဇင်ဘာလအထိဆောင်ရွက်ပြီး ရေအား လျှပ်စစ်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဇန်နဝါရီလမှ ဇွန်လကုန်အထိသာ ကာလတို အတွင်း အပြီးတည်ဆောက်ရန်၊ အလွန်တိုတောင်းတဲ့ ကာလအတွင်း အချိန်ကိုက်ဆောင်ရွက်ရန် များစွာအခက်အခဲရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအခြေအနေမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် တောင်နဝင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ရန် အစီအစဉ်မရှိသေး ကြောင်း ဖြေကြားအပ်ပါတယ်။ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဟာ ပေါင်းတလည် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ၁၁ ကေဗွီဓာတ်အားလိုင်းဖြင့် ပေါက်ခေါင်းသို့ ရောက်ရှိပြီး ဖြစ်ပါတယ်။ ပေါင်းတလည်မှ ပေါက်ခေါင်းမြို့အထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇.၅ မိုင် တိုးချဲ့ တည်ဆောက်ခြင်း၊ ပေါက်ခေါင်းမြို့မှာ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက် ခြင်း ပေါက်ခေါင်းမှ အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားပေးနိုင်ရန် ၁၁ ကေဗွီဓာတ်အားလိုင်း ၃ မိုင်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဂျပန်နိုင်ငံမှပေးအပ်မည့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေ ODA-Loan ဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုအခါ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JIKA) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၎င်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တောင်နဝင်းရေလှောင်တမံ ဟာ ရေဝင်အားကောင်းသော ရေလှောင်တမံကြီးဖြစ်ခြင်း၊ ရေအသုံးချနိုင်မှုမှာ နှစ်စဉ် ၂၅၀၀၀၀ ဧက ပေခန့်ရှိခြင်း၊ နွေစပါးအတွက် ၁၂၀၀၀၀ ဧကပေခန့်နှစ်စဉ်သုံးစွဲနေရခြင်း၊ ရေအားလျှပ်စစ်ဆက်နွယ် သည့် လုပ်ငန်းများအား လက်ရှိအခြေအနေ၌ ဆောင်ရွက်ရန်အခက်အခဲများစွာရှိခြင်းစသည်တို့ ကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးသော်လည်း နိုင်ငံတော်၏ ဖိတ်ခေါ်အားပေးမှု အစီအစဉ်ဖြစ်သည့် တိုင်းရင်းသားကုမ္ပဏီတစ်ခုခုမှ BOT စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ကျွမ်းကျင်မှုကိစ္စအားလုံး ထည့်သွင်းစဉ်းစား၍ ခွင့်ပြုသင့်ကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၏ မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းရှိ အဓိက လမ်းမကြီးများတွင် လမ်းမီးများထွန်းညှိနိုင်ရန် လမ်းမီးတိုင်နှင့် လမ်းမီးကြိုးများ စိုက်ထူသွယ်တန်း ခြင်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးပြီး လမ်းမီးများထွန်းညှိခြင်းကိုတော့ ရန်ကုန် မြို့တော်စည်ပင်သာယာကော်မတီမှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အဓိကလမ်းမကြီးတစ်ခုဖြစ်သော ရန်ကုန်-ပဲခူးလမ်းမကြီးနှင့် ရန်ကုန်-ပြည်လမ်းဆုံရာ ထောက်ကြန့်လမ်းဆုံမှ မင်္ဂလာဒုံမြို့နယ် ဗိုလ်ရွှေးတပ်ဖွဲ့အထိပင် လမ်းမီးများ ထွန်းညှိနိုင်ခြင်း မရှိသေးပါ။ နိုင်ငံတော်ဘတ်ဂျက် လျာထားမှုမရှိသော်လည်း ပြည်သူများသွားလာရေး အဆင်ပြေစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မိမိဌာန၏ သီးခြားထုတ်ငွေစာရင်း ရန်ပုံငွေမှသုံးစွဲပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ မင်္ဂလာဒုံမြို့နယ်ရဲ့ လမ်းမီးများထွန်းညှိနိုင်ခြင်းမရှိ သေးတဲ့ ရန်ကုန်-ပြည်လမ်းနှင့် လှော်ကားလမ်းဆုံမှ ထောက်ကြန့်လမ်းဆုံအထိ ၃၀၆၀ ပေ၊ ထောက်ကြန့်လမ်းဆုံမှ ရန်ကုန်-ပဲခူးလမ်းဆုံအတိုင်း ရန်ကုန်မြို့ဝင်ဆိုင်းဘုတ်အထိ ၆၆၆၀ ပေ၊ လှော်ကားလမ်းဆုံမှ ရွှေညောင်ပင်အထိ ၈၄၆၀ ပေနှင့် မြို့နယ်လျှပ်စစ်ရုံးမှ ပိတောက်လမ်းအထိ ၄၃၂၀ ပေတို့ကို တည်ဆောက်ပေးခဲ့ပါတယ်။ သို့သော်လည်း မြို့တော်စည်ပင်မှ လမ်းမီးများထွန်းညှိ ပေးရန်သာကျန် ရှိနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မြို့ရှောင်လမ်း၊ လမ်းမီး ထွန်းညှိရေးနှင့် ပတ်သက်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လျာထားငွေမပါရှိခဲ့ပါ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်လည်း ၎င်းလမ်းအတွက် ဘတ်ဂျက်လျာထားငွေမရှိခဲ့ပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး၏ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မင်းလှမြို့နယ် ၃၃/၁၁ ကေဗွီ၊ ၃ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းဖြင့် မင်းလှမြို့၊ မိုးညိုမြို့နှင့် စစ်ကွင်းမြို့များသို့ ဓာတ်အားပေးလျက်ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မင်းလှ ၃၃ ကေဗွီ ဓာတ်အားခွဲရုံမှ မင်းလှမြို့နယ်အတွက် သီးခြား ၁၁ ကေဗွီ ဓာတ်အားလိုင်း တစ်မိုင်အသစ်

တည်ဆောက်လျက်ရှိရာလုပ်ငန်း၏ ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ ၎င်းလုပ်ငန်းပြီးစီးပါက မင်းလှမြို့ကို သီးခြားလိုင်းဖြင့် ဓာတ်အားပေးသွားမှာဖြစ်လို့ လက်ရှိ မင်းလှ၊ မိုးညိုနှင့် စစ်ကွင်းမြို့ ၃ မြို့ကို ဓာတ်အားပေးနေသော ၁၁ ကေဗွီဖီဒါမှ မိုးညိုမြို့နယ်နှင့် စစ်ကွင်းမြို့နယ်များကိုသာ သီးခြား ဓာတ်အားပေးသွားမှာဖြစ်တဲ့အတွက် ပို့အားပိုမိုကောင်းမွန်လာမှာ ဖြစ်ပါတယ်။ မင်းလှမြို့နယ်မှာ လက်ရှိတည်ဆောက်နေတဲ့ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ်မှလည်း မကြာမီဓာတ်အားလွှတ်နိုင်မှာ ဖြစ်ပါတယ်။ မင်းလှ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံမှ အနီးကပ်ဓာတ်အား ပေးနိုင်ခြင်း၊ ၁၁ ကေဗွီဖီဒါ သီးခြားခွဲထုတ်ပေးနိုင်ခြင်းနှင့် စစ်ကွင်းမြို့ဟာ ၁၁ ကေဗွီဓာတ်အားလိုင်း ဖြင့် ဓာတ်အားပေးနိုင်တဲ့ အကွာအဝေးတွင် ရောက်ရှိသွားခြင်းကြောင့် စစ်ကွင်းမြို့တွင် ၃၃/၁၁ ကေဗွီ ခွဲရုံကို လောလောဆယ်တည်ဆောက်ရန် မလိုအပ်တော့ပါကြောင်းနှင့် မင်းလှ-စစ်ကွင်း ၁၁ ကေဗွီ ဓာတ်အားလိုင်းကြံ့ခိုင်မှုအတွက် ဓာတ်အားလိုင်းကြိုးအသေးမှ ဓာတ်အားလိုင်းကြိုးအကြီးသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက် ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နောင်တွင် စစ်ကွင်းမြို့နှင့် ပတ်ဝန်းကျင်ဒေသများမှာ ဓာတ်အားသုံးစွဲသူ တိုးတက်များပြားလာပြီး လက်ရှိဓာတ်အားပေးထားတဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းမှာ ဓာတ်အားပေးရန် မသင့်လျော်သည့် အချိန် ကျမှသာလျှင် စစ်ကွင်းမြို့ကို ၁၁ ကေဗွီ ဓာတ်အားခွဲရုံအသစ်တည်ဆောက်ပေးရန် လိုအပ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နား ပါမယ်။

**အချိန်၊ ၁၁း၃၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှာ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

အချိန်၊ ၁၂း၀၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၆၄ နှင့် ပုဒ်မ ၂၃၂ (ဠ)တို့၏ ပြဋ္ဌာန်းချက်တွင်ပါရှိသော ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟူသည်ကို တိကျရှင်းလင်းစွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန်အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၆၄ နှင့်ပုဒ်မ ၂၃၂ (ဠ) တို့ရဲ့ ပြဋ္ဌာန်းချက်များတွင်ပါရှိသော ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်းမပြုရဟူသည်ကို တိကျရှင်းလင်းစွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန်အဆိုကို တင်သွင်းဖို့ ပုသိမ်မဲဆန္ဒနယ်မှဦးဝင်းမြင့်အားဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၆၄နှင့် ပုဒ်မ ၂၃၂ (ဠ) တို့၏ ပြဋ္ဌာန်းချက်တွင်ပါရှိသော ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်း မပြုရဟူသည်ကိုကျယ်ကျယ်ပြန့်ပြန့် တိကျရှင်းလင်းစွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန် အဆိုကို လေးစားစွာတင်သွင်းမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆ တွင်ပြဋ္ဌာန်းထားပါ တယ်။ ဒါ့ကြောင့် နိုင်ငံတော်သမ္မတဟာ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးနှင့် သက်ဆိုင်တဲ့ပုဂ္ဂိုလ်

ဖြစ်ပါတယ်။ ဒါကြောင့် ပါတီစွဲ၊ ဝါဒစွဲကင်းရှင်းစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ တွင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟုလည်းကောင်း၊ ပုဒ်မ ၂၃၂ (မ) တွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူး သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု လည်းကောင်း ကန့်သတ်တားမြစ်ထားကြောင်း တွေ့ရှိရပါတယ်။

ဒါမှလည်းနိုင်ငံတော်ကချမှတ်ထားတဲ့အခြေခံမူများ၊ ဦးတည်ချက်များနှင့် ညီညွတ်မျှတမှာ ဖြစ်ပါတယ်။ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆ (က) မှာနိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်း ရမည်ဟု အတိအလင်းပြဋ္ဌာန်းထားပါတယ်။ အစိုးရပဋိညာဉ်ခံ အမှုထမ်းများဟာလည်း နိုင်ငံ့ဝန်ထမ်း ဖြစ်ကြောင်း ရာဇသတ်ကြီးပုဒ်မ ၂၁ မှာ ဖော်ပြပါရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ တစ်ဦးဟာ သက်ဆိုင်ရာပါတီအဖွဲ့အစည်းတစ်ခုခုရဲ့ ပါတီဥက္ကဋ္ဌ တာဝန်ကိုယူထားခြင်း၊ ပြည်ထောင်စု ဝန်ကြီးများဟာ ပါတီရဲ့ဗဟိုအလုပ်အမှုဆောင် တာဝန်ကိုယူထားခြင်းတို့မှာ အထက်ဖော်ပြပါ ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်များ ဖြစ်တဲ့နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေးကင်းရှင်းရမည်ဆိုသည်နှင့် သမ္မတ၊ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးသည် မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟူသည်တို့နှင့် ညီညွတ်ပါရဲ့လား ဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ ဥပဒေပညာရှင်များကြားမှာလည်း သို့လော သို့လော ပြောဆိုသံတွေ ပွက်လော ညံညံကြားနေရပါတယ်။ ဘာကြောင့်လဲဆိုတော့ ယင်းပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် ခြင်းမပြုရဟူတဲ့ဝါကျမှာ ပါဝင်ဆောင်ရွက်ခြင်းဆိုတဲ့စကားရပ်ကြောင့်ဖြစ်ပါတယ်။ ယင်းစကားရပ်ရဲ့ ပါဝင်ခြင်းနှင့်ဆောင်ရွက်ခြင်း နှစ်ပိုင်းမှာ ပါတီလုပ်ငန်းကို ဆောင်ရွက်ခြင်းရှိတယ်၊ မရှိတယ် မျက်မြင်မဟုတ်လို့ မပြောနိုင်ပေမယ့် ပါတီဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ဖြစ်ပြီ ဆိုကတည်းက ယင်းပါတီမှာ ပါဝင်ခြင်းရှိနေတာကတော့ သေချာနေပါတယ်။ ဘယ်လိုမှ ငြင်းကွယ်၍ မရနိုင်ပါဘူး။

ဥပဒေဆိုတာ အများနားလည်လက်ခံနိုင်အောင် ရှင်းလင်းတိကျရပါတယ်။ ကိုယ်လိုတာကိုယ် ဆွဲတဲ့ အဓိပ္ပာယ်နှစ်ခွထွက်တာမျိုး မဖြစ်စေရပါဘူး။ ဥပဒေမှာ တစ်ဖက်တွင်တည်ငြိမ်ပြီး တစ်ဖက်မှာ

ပြောင်းလဲတိုးတက်နေတဲ့ခေတ် စနစ်တို့နဲ့ ညီညွတ်မျှတရပါတယ်။ ဥပဒေကိုမျှော့ကြိုးဆွဲသလို ကိုယ်ကြိုက်သလို ချဲ့ခြင်း၊ ချုံ့ခြင်းမပြုလုပ်ရပါဘူး ။ တိုင်းပြည်အတွက် အသက်တမျှအရေးကြီးတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုတာ ဤအင်္ဂါရပ်များထက် ပိုမိုပြည့်စုံရမှာဖြစ်ပါတယ်။ ပိုမိုတိကျရမှာဖြစ်ပါ တယ်။ ပိုမိုရှင်းလင်းရမှာ ဖြစ်ပါတယ်။ ပိုမိုတည်ငြိမ်ရမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လည်းဖြစ်၊ ယင်းပါတီရဲ့ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးလည်းဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးကို အင်တာဗျူး အမေးအဖြေ လုပ်ပါတယ်။ ဒီစာအုပ်ကတော့ နိုင်ငံရေးသမားများနှင့် နိုင်ငံရေးစကားဆိုတဲ့ စာအုပ်မှာ ဖြစ်ပါတယ်။ စာမျက်နှာ ၆၂ မှာ အတိအကျရှိပါတယ်။ အဲဒီတော့ မေးတဲ့သူကမေးပါတယ်။ ဥက္ကဋ္ဌအထိ ပြန်လည်ရွေးတဲ့အခါကျတော့ ယခု လက်ရှိပါတီဥက္ကဋ္ဌကြီးလည်းဖြစ်တဲ့ နိုင်ငံတော်သမ္မတကရော ပြန်အရွေးခံရဖို့ ရှိပါသလားလို့မေးပါတယ်။ ယခုလက်ရှိ ဤပါတီရဲ့ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက ပြန်ဖြေပါတယ်။ သူ့မှာ သမ္မတရာထူးရှိနေရင်တော့ ရွေးလို့မရဘူး။ ဥပဒေစည်းမျဉ်းအရ သူရွေးလို့မရ ပါဘူး။ ပြီးတော့ ဝန်ကြီးတွေဝင်ရွေးလို့မရပါဘူး။ အခြေခံဥပဒေ ပုဒ်မ ၆၄၊ ၂၃၂ (ဋ) အရ ရွေးလို့ မရပါဘူး လို့ဖြေပါတယ်။ ဒါဟာ အခြေခံဥပဒေကို အများနားလည်လက်ခံတဲ့အတိုင်း အခြေခံဥပဒေက အသေအချာခွင့်ပြု ပြဋ္ဌာန်းထားတဲ့အတိုင်း ရှင်းလင်းတိကျစွာ ဖြေကြားခဲ့ခြင်းဖြစ်ပါတယ်။

ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံခေါင်းဆောင် ကွယ်လွန်သူလီနင်က ဥပဒေဟူသည် အောင်ပွဲခံ၍ နိုင်ငံတော်အာဏာကိုပိုင်ဆိုင်သော လူတန်းစားတို့၏ဆန္ဒကို ထုတ်ဖော်ချက်ဖြစ်သည်လို့ ပြောခဲ့ပါတယ်။ ဒါ့အပြင် တစ်ချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်းကလည်း ဥပဒေကို လုပ်တယ်ဆိုတာ အထက်စီးရတဲ့လူတန်းစားက သူ့အခွင့်အရေးကိုကာကွယ်ဖို့ အမြဲလုပ်ထား တာဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်မည်ဆိုလျှင် ဤသို့သော အဆိုအမိန့်များလို့သဘောသက်ရောက်သည့် ဥပဒေမျိုး မဖြစ်သင့်မဖြစ်ထိုက်ပါ။

ဥပမာ ကျွန်တော်တို့ ဒီမှာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေမှာလည်း ပြဋ္ဌာန်းထားတာဆိုလို့ရှိရင် ကျွန်တော်တို့ ဒီမှာ ပုဒ်မ ၁၀ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ မိမိတာဝန်ထမ်းဆောင်စဉ်သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ စကားလုံးက အပိုအလိုမရှိပါ ဘူး။ ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိတာဝန်ထမ်းဆောင်စဉ် သက်တမ်းအတွင်း

ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ ၏၊ သည်မရွေး ဒီအတိုင်းပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ရှိတဲ့အခါကျတော့ အခုကျွန်တော်တို့ ရပ်ကွက်တွေ ကျေးရွာတွေ အုပ်ချုပ်ရေးမှူးတွေရွေးတဲ့အခါ တချို့ဒေသတွေမှာ ပါတီဝင်ဖြစ်လို့ဆိုပြီးတော့ နုတ်ထွက်ပေးခဲ့ရတာ ရှိပါတယ်။ တချို့က နုတ်ထွက်ပေးရတယ် မဟုတ်ဘူး။ နုတ်ထွက်ခိုင်းတဲ့အခါကျတော့ အတုမြင်အတတ် သင်ပြီး ဘာပြောလဲလို့မေးရင် ကျွန်တော်တို့ ကိုယ်တိုင်ကြားခဲ့ပါတယ်။ ဘယ်လိုပြောလဲဆိုတော့ ကျွန်တော်တို့ သိထားတာကတော့ တာဝန်ရှိသူ တစ်ဦးကပြောတယ်တဲ့ ဒါဟာ သမ္မတကို Honnarable လုပ်တာတဲ့ ထားလို့ရပါတယ်လို့ပြောတယ်။ ကျွန်တော် သူတို့ပြောတာ မယုံဘူး။ မယုံ တော့ ကျွန်တော်က အထောက်အထားတောင်းတယ်။ အထောက်အထားတောင်းတဲ့အခါမှာ အဲ့ဒီပုဂ္ဂိုလ် က ကျွန်တော့်ကို အထောက်အထားကို စာရွက်ကို ဖြုတ်ပေးလိုက်တယ်။ ဘယ်တုန်းကထုတ်တဲ့စာရွက် လည်းဆိုရင် မြန်မာသံတော်ဆင့်ရဲ့အတွဲ (၁) အမှတ် (၃၂) ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ ၂၀၊ ၂၆ ထုတ်တဲ့စာရွက် အဲဒီမှာဘာပြောလဲဆိုရင်ကြည့် ပါတီရဲ့ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက ဖြေထားတဲ့ အတိုင်း ကျွန်တော် ဖတ်ပြပါ့မယ်။ သမ္မတဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီတာဝန်ထမ်းဆောင် လို့မရဘူးလေတဲ့။ သို့ပေမဲ့ ရာထူးယူထားလို့ရတယ်။ သမ္မတကို ဥက္ကဋ္ဌနေရာပေးတယ်ဆိုတာ သူ့ကို ဂုဏ်ယူလို့ Honor ပေးလို့ ပြန်ခန့်တာပါတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရတော့ တာဝန်ယူခွင့်မရှိဘူး ပေါ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ယူခွင့်မရှိရင် ကျွန်တော်တို့ Honor လုပ်လို့လည်း မရပါဘူး။ ဘာဖြစ်လို့ ကျွန်တော် ခုနက အတုမြင် အတတ်သင်လို့ပြောလဲဆိုရင် အဲ့ဒီပုဂ္ဂိုလ် တစ်ယောက်က ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်တို့လည်း ပါတီကမထွက်ဘူး။ ကျွန်တော်တို့ကို Honor လုပ်တဲ့ အနေနဲ့ အဲဒီအုပ်ချုပ်ရေးမှူးမှာပဲခန့်ပေးပါတဲ့။ ဒါကိုကိုးကားပြီးပြောတော့ ကျွန်တော်ကဒါကို အထောက်အထားရအောင် တောင်းရတယ်။ ဆိုတဲ့အခါကြတော့ ဒီဥပဒေကိုပြန်ကြည့်တော့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေကိုပြန်ကြည့်တော့ သမ္မတလက်မှတ်ထိုးပြီး ထုတ်ထားတဲ့ ဥပဒေ ဒီဥပဒေကို ပြည်သူ ပြည်သား၊ ကျေးရွာသူ ကျေးရွာသားတွေ အားလုံးက လိုက်နာ ရတယ်။ ကောင်းပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ဒီစာသားအတိုင်းပါတဲ့ ဒီတာဝန်ဒီကိစ္စကျတော့ အခုနက သမ္မတကိုယ်တိုင်လက်မှတ်ထိုးထားတဲ့ ဒီရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးလေးတောင်မှ ထွက်ပေးရတယ်။ ဟုတ်လား။ Honor လုပ်လို့မရဘူးဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်တော်တို့က ကာကွယ်စောင့်ရှောက်ပါမယ်လို့ ကတိသစ္စာပြုထားတဲ့လူတွေကပိုပြီးတော့ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းဖို့ တာဝန်ရှိတယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ

၆၄ မှာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟူ၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးခြင်းခံရသည့်နေ့မှစ၍ မိမိ၏ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်း မပြုရဟူ၍လည်းကောင်း ပြဋ္ဌာန်းထားချက်နှင့် ပတ်သက်ပြီး ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟူသည်ကို ပါဝင်ခွင့်လည်းမပြုရ၊ ဆောင်ရွက်ခွင့်လည်းမပြုရခြင်းလား။ ပါဝင်ခွင့်ရပြီး၊ ဆောင်ရွက်ခွင့်မပြုခြင်းလား။ ပါဝင်ခွင့်လည်းပြုပြီး ဆောင်ရွက်ခွင့်လည်းပြုခြင်းလား။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းချက်နဲ့ညီရောညီရဲ့လား မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုသည်ကို အများနားလည်လက်ခံနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် တိကျစွာရှင်းလင်းပေးပါလို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဝင်းမြင့်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ နှင့် ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဋ)အရ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်သွားရင် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ မိမိရဲ့ ရာထူးသက်တမ်းအတွင်းမှာ မိမိတို့ရဲ့ ပါတီလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်း မပြုရဘူးလို့ပဲ မှတ်ယူပါတယ်ရှင်။ ဤဥပဒေအရပဲ ပါတီလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခြင်းမပြုပါဘူး။ နာမည်စာရင်းတွေပဲ တင်ထားတာ။ ရာထူးပဲ ယူထားတာပါဆိုရင်တောင်မှ ဥပဒေရေးရာအရသော်လည်းကောင်း၊ အကြောင်းခြင်းရာ အရသော်လည်းကောင်း မေးခွန်းများစွာ ပေါ်ပေါက်နေပါတယ်။ (၁)အချက်အရ အဆိုပါကိစ္စရပ်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှု ရှိ၊ မရှိ။ (၂)နာမည်စာရင်းပဲ တင်သွင်းခြင်းဖြစ်သည် ရာထူးယူထားတာပဲ ဖြစ်သည်ဟုဆိုသော်လည်း လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိ၊ မရှိ။ (၃) ပြည်သူလူထုများက လက်ခံနိုင်၊ မခံနိုင်။ (၄) ပါတီစုံဒီမိုကရေစီစနစ်အရ နောင်တစ်ချိန်တွင် တခြား ပါတီများမှ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ

ဖြစ်လာလျှင် အဆိုပါကိစ္စရပ်ကို အခြေပြု၍ စံအဖြစ် သတ်မှတ်နိုင်၊ မသတ်မှတ်နိုင်။ (၅) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သင့်၊ မပြင်ဆင်သင့် စတဲ့မေးခွန်းများ၊ ပြဿနာများစွာ ပေါ်ပေါက်လာနိုင်သောကြောင့် ဒီအဆိုကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသင့်ပါတယ်။ ထိုသို့ ဆွေးနွေးနိုင်ရန်အတွက် ပုသိမ်မဲဆန္ဒနယ်က ဦးဝင်းမြင့်တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၆၄ နှင့် ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဋ)တို့၏ ပြဋ္ဌာန်းချက်တွင်ပါရှိသော ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟူသည်ကို ကျယ်ကျယ်ပြန့်ပြန့် တိကျရှင်းလင်းစွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန်အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်ရှင်။ (သြဘာသံများ)

## ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်၏အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး သမ္မတရုံး-၂ ဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့အဆိုကို ဖြေကြားခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးဝင်းမြင့်ရဲ့တင်သွင်းတဲ့အဆိုမှာ ပါရှိတဲ့ ဥပဒေပုဒ်မများမှာ ဖော်ပြထားတဲ့ စကားလုံးများဟာ လူတိုင်းပဲနားလည်နိုင်တဲ့ စကားပြေနဲ့ ရေးသားထားတဲ့အတွက် ခက်ဆစ်အနက်အဓိပ္ပာယ် ဖွင့်ဆိုရမယ့် ပါဠိဘာသာစကားလုံးများ မပါဝင်ကြောင်းတွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ (က)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၂ (က) တို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းလုပ်ငန်းတာဝန်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ အပ်နှင်းထားပါတယ်။ အနက်အဓိပ္ပာယ်ဖွင့်ဆိုတဲ့ လုပ်ပိုင်ခွင့်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တစ်ပါးအခြားမည်သည့် အဖွဲ့အစည်းတွင်မှမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ရဲ့ အနက်အဓိပ္ပာယ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှအပ အခြားအဖွဲ့အစည်းတစ်ခုခုက အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့လျှင် ဥပဒေက အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို ကျော်လွန်သုံးစွဲရာရောက်တဲ့အတွက် Ultra-bias ဖြစ်တဲ့အပြင် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကလည်းပဲ ဥပဒေအကျိုးသက်ရောက်မှု Legal Effect ရှိမည်မဟုတ်ပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် မေးမြန်းလာတဲ့ အဆိုမှာပါတဲ့ ပုဒ်မများရဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိကျရှင်းလင်းစွာ သိလိုသည်ဆိုတဲ့ အဆိုနဲ့ စပ်လျဉ်းပြီးတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ပေါ်ပေါက်မှသာ ၎င်းခုံရုံးရဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် သင့်တော်ပြီးတော့ ဥပဒေနဲ့ကိုက်ညီမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့် တင်သွင်းသွားတဲ့အဆို၊ ဒီအဆိုအပေါ်မူတည်ပြီးတော့ ကွန်ဟိန်း မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်က ထောက်ခံဆွေးနွေးခဲ့ပါတယ်။ သမ္မတရုံးဝန်ကြီးကလည်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ဒီဆွေးနွေးချက်များကို လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ပြန်လည်သုံးသပ်တဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ မှာ ဖော်ပြထားတာ ရှိပါတယ်။ ဒါကိုဖတ်ကြားရှင်းလင်းရမယ်ဆိုရင် ပုဒ်မ ၃၂၅ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စရပ်များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသည်။ (က) နိုင်ငံတော်သမ္မတ (ခ) ပြည်ထောင်စုလွှတ်တော်နာယက (ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ (ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ (င) ပြည်ထောင်စုတရားသူကြီးချုပ် (စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဆိုပြီးတော့ ၆ ဦး ဖော်ပြထားတာရှိပါတယ်။ ဒါ့ကြောင့် မိမိတို့ဆောင်ရွက်တဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဦးဝင်းမြင့်ရဲ့အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ အဓိပ္ပာယ်ဖွင့်ဆိုချက် တောင်းခံသွားမည်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီကိစ္စရပ်နဲ့ပတ်သက်ပြီးတော့ လွှတ်တော်အတွင်းမှာ ဆွေးနွေးရန်အတွက် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုမှာမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ပေါ်ပေါက်လာတဲ့အခါမှာ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်ရဲ့အဆို တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ရဲ့ အခွင့်အရေးမဆုံးရှုံးအောင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီလိုဥက္ကဋ္ဌရဲ့ ဆုံးဖြတ်ဆောင်ရွက်ချက်နှင့် ပတ်သက်လို့ အဆိုတင်သွင်းတဲ့ ဦးဝင်းမြင့်ရဲ့ သဘောထားရှိတယ်ဆိုလို့ရှိရင်လည်း ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ပါ တယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ ခုနက ပြည်ထောင်စုဝန်ကြီးပြောသွားတာမှာတော့ ပါဠိဘာသာအနက်အဓိပ္ပာယ်မပါလို့ဆိုတဲ့တစ်ချက် ပါသွားပါတယ်။ မှန်ပါတယ်။ ပါဠိဘာသာအနက် အဓိပ္ပာယ်ပါမှာမဟုတ်ပါဘူး။ အဲ့ဒီအပေါ်မှာ အဓိပ္ပာယ်ဖွင့်ချက်မှာ နှစ်မျိုးကွဲနေလို့မေးရခြင်းဖြစ်ပါ တယ်။ အဆိုတင်ရခြင်းဖြစ်ပါတယ်။ အောက်ခြေမှာကျတော့တစ်မျိုး၊ အောက်ခြေမှာကျတော့ သမ္မတက လက်မှတ်ထိုးထုတ်တဲ့ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးဥပဒေကို လိုက်နာနေရတယ်။ ဒီမှာကျတော့ ဖွဲ့စည်းပုံမှာလည်း ဒီစာသားပဲ၊ ဒီစကားလုံးအတိုင်းပဲ ဒါကျတော့ လိုက်နာမှုမတွေ့ရလို့ အဆိုတင်ခြင်းဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။ နောက်တစ်ချက်က လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ခုနက အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ် ၆ ဦးထဲမှာ ပါတဲ့အတွက် ဆက်လက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးပေါ်လာလို့ရှိရင် ဆက်လက်တင်ပေးပြီး တော့ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးမယ်လို့ မှတ်တမ်းတင်ထားပေးမယ်လို့ ပြောတဲ့အတွက် ဝမ်းသာပါ တယ်။ ကျေးဇူးတင်ပါတယ်။ အဲဒီအနက်အဓိပ္ပာယ်က ဝိဝါဒမကွဲပြားအောင် ရပ်ကွက် ကျေးရွာတွေမှာ အခုအထိ ကျေးရွာအုပ်ချုပ်ရေးမှူးရွေးနေတဲ့အခါမှာ ဒီပြဿနာတွေရှိနေတဲ့ အခါကျတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး မြန်မြန်ပေါ်ပြီးတော့ မြန်မြန်လေးအနက်အဓိပ္ပာယ်ဖွင့်ဆိုပေးနိုင်ရန် တင်ပြ ပေးပါလို့ လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ဥက္ကဋ္ဌ လွှတ်တော်ကိုတင်ပြတဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံ ဆိုင်ရာခုံရုံး အမြန်ပေါ်ပေါက်ရေးအတွက်လည်း မိမိတို့လွှတ်တော်တွေမှာအသင့် ရှိပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အမြန်ပေါ်ပေါက်ရေးရယ် ပေါ်ပေါက်လာတဲ့အခါမှာ ဦးဝင်းမြင့်ရဲ့ အဆိုပေါ်မူတည်ပြီးတော့ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန်နှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ကိစ္စနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၅၉(ဃ) အရ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဒါကြောင့်သက်ဆိုင်ရာ တာဝန်ရှိတဲ့ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်က ဆက်လက်တင်ပြပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၅၉ အရ အတည်ပြုခွင့်ပြုတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ဒီဥပဒေကြမ်းနှင့်ပတ်သက်၍ အနည်းငယ်တင်ပြလိုပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တင်သွင်းလာသည့် မူလဥပဒေကြမ်းကို ၃၀-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများထံကို ၂၅-၁၀-၂၀၁၂ ရက်နေ့မှာ ဖြန့်ဝေခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာကို ၂၅-၁၀-၂၀၁၂ ရက်နေ့မှာ လွှတ်တော်မှာ ဖတ်ကြားတင်ပြခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာစိစစ်တွေ့ရှိချက်များအပေါ်မှာ ပြင်ဆင်ချက်အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းကို တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းခဲ့ကြသော ကိုယ်စားလှယ်များမှာ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်၊ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့ဖြစ်ကြပါတယ်။ ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များကို ၁၁-၁-၂၀၁၃ ရက်နေ့မှာ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ဥပဒေကို လက်တွေ့လုပ်ကိုင် အကောင်အထည်ဖော်မည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှလည်း ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအပေါ်တွင် သဘောတူလက်ခံခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ဤဥပဒေကြမ်းအတွက် ပြည်သူ့လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးရန်အချက်များကို ယနေ့လွှတ်တော်ကိုယ်စားလှယ်ကြီးများထံလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အချိန်ကိုငဲ့ညှာသောအားဖြင့်

လည်းကောင်း၊ ဥက္ကဋ္ဌကြီးခွင့်ပြုထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉ အပိုဒ်ခွဲ(ဃ) တို့အရ လည်းကောင်း အပိုင်းသုံးပိုင်း ခွဲပြီးအတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်။ အပိုင်း(က) ပထမပိုင်းအနေနဲ့ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းအတွက် ပြင်ဆင်ရန်အချက် ၁၀၇ ချက်ရှိသည့် အနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်းကော်မတီမှ သဘောတူထားတဲ့အချက် ၆၃ ချက်ရှိပါတယ်။ အဲဒီအချက်များကတော့ အခန်း (၁) မှာ မူလပုဒ်မ ၁၊ ပုဒ်မ ၂ ပုဒ်မခွဲ (င)၊ ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)၊ အခန်း(၃) မူလပုဒ်မ ၇ ပုဒ်မခွဲ(ခ)၊ အခန်း(၄)မှာ မူလအခန်း(၄) ခေါင်းစဉ် ပုဒ်မ ၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၉ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၉ ပုဒ်မခွဲ(ဃ)နဲ့ ပုဒ်မ ၉ ပုဒ်မခွဲ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ) တို့ ဖြစ်ပါတယ်။ ပုဒ်မ ၁၀၊ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဃ)၊ (င)နှင့် (ဇ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက် ခြင်းပြင်ဆင်ချက် ပုဒ်မ ၁၀ (ည) မူလပုဒ်မ ၁၀ ပုဒ်မခွဲ(ဋ)၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက် ခြင်းပြင်ဆင်ချက် ပုဒ်မ ၁၀ ပုဒ်မခွဲ (ဏ)၊ (တ)၊ (ထ)၊ (ဒ)၊ အခန်း(၅) မူလအခန်း (၅)ရဲ့ခေါင်းစဉ် အခန်း(၆)မှာ အသစ်ဖြည့်စွက်ခြင်း အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ခြင်း ပြင်ဆင်ချက် ပုဒ်မ ၁၄ ပုဒ်မခွဲ(ည) ဘေးခေါင်းစဉ်ပယ်ဖျက်ခြင်းနှင့် ပုဒ်မ ၁၉၊ အခန်း(၇)မှာ မူလပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၃၀ ပုဒ်မခွဲ(ည)၊ အခန်း(၈)မှာ မူလ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃၊ အခန်း(၉)မှာ မူလပုဒ်မ ၃၅၊ အခန်း(၁၀) မူလဘေးခေါင်းစဉ်ပြင်ဆင်ခြင်း ပုဒ်မ ၃၈၊ ၃၉၊ ၄၀၊ ၄၁ နှင့် ပုဒ်မ ၄၅၊ ပုဒ်မ ၄၆(က) ပုဒ်မ ၄၇၊ ပုဒ်မ ၄၈၊ ပုဒ်မ ၄၉၊ အမျိုးသားလွှတ်တော်၏အသစ် ဖြည့်စွက်ခြင်း ပြင်ဆင်ချက် ပုဒ်မ ၄၆ နှင့် ၄၈ မူလပုဒ်မ ၅၁ ပုဒ်မခွဲ(ဃ)နှင့် (င)၊ အခန်း(၁၁)မှာ မူလပုဒ်မ ၅၆ ပုဒ်မခွဲ(ဇ) ပုဒ်မ ၅၇ ဘေးခေါင်းစဉ် ပယ်ဖျက်ခြင်း၊ ပုဒ်မ ၅၉၊ ပုဒ်မ ၆၀၊ အခန်း(၁၂) မှာမူလပုဒ်မ ၆၁၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၇၊ ပုဒ်မ ၆၈၊ အသစ်ဖြည့်စွက်ခြင်း အမျိုးသား လွှတ်တော်ပြင်ဆင်ချက် ပုဒ်မ ၆၅ ဘေးခေါင်းစဉ်နှင့် ပုဒ်မ ၆၆ မူလပုဒ်မ ၆၉၊ ပုဒ်မ ၇၀၊ ၇၁၊ အမျိုးသား လွှတ်တော်၏ အသစ် ဖြည့်စွက်ခြင်းပြင်ဆင်ချက်ပုဒ်မ ၆၈ နှင့် ပုဒ်မ ၆၉၊ အခန်း (၁၃) မှာ မူလပုဒ်မ ၇၃ နှင့် ၇၄ အခန်း(၁၄) မှာ မူလပုဒ်မ ၇၅၊ အမျိုးသားလွှတ်တော်၏အသစ်ဖြည့်စွက်ခြင်း ပြင်ဆင်ချက် ပုဒ်မ ၇၄၊ ပုဒ်မ ၇၈ ပုဒ်မခွဲ(က)၊ (ခ) ဆိုပြီးတော့ စုစုပေါင်းအချက် ၆၃ ချက်ရှိပါတယ်။ အထက် ဖော်ပြပါ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ အတည်ပြုထားတဲ့ အချက် ၆၃ ချက် ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြင်ဆင်ချက်အဆို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီမှ သဘောတူထားသည့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် စုစုပေါင်း ၆၃ ချက်ကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် အချက် ၃၆ ချက်ကို ဥပဒေကြမ်းကော်မတီမှ လွှတ်တော်သို့ဆက်လက်တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့အချက် ၃၆ ချက်ရှိပါတယ်။ အဲဒီအချက် ၃၆ ချက်ကတော့ အခန်း(၁) ဥပဒေရဲ့ခေါင်းစီ မူလပုဒ်မ ၂ ပုဒ်မခွဲ(ခ) ဥပဒေကြမ်းကော်မတီ၏အသစ်ဖြည့်စွက်ချက် ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) မူလပုဒ်မ ၂ ပုဒ်မခွဲ(င) ဥပဒေကြမ်း ကော်မတီ၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)၊ အခန်း(၂)မှာ မူလပုဒ်မ ၃၊ ပုဒ်မ ၄ နှင့် ပုဒ်မ ၅၊ အခန်း(၃)မှာ ပုဒ်မ ၇ ပုဒ်မခွဲ(က) ဥပဒေကြမ်းကော်မတီ၏အသစ်ဖြည့်စွက်ချက် ပုဒ်မ ၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၈ ပုဒ်မခွဲ(ခ)၊ အခန်း(၄) မူလပုဒ်မ ၉ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၉ ပုဒ်မခွဲ(င)၊ ပုဒ်မ ၉ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဋ)၊ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဌ)၊ အခန်း(၅)မှာ မူလပုဒ်မ ၁၂၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ အခန်း(၆) မှာ ပုဒ်မ ၂၃၊ ပုဒ်မ ၂၇၊ အခန်း(၁၀) မှာ မူလပုဒ်မ ၃၇၊ ပုဒ်မ ၄၄၊ ပုဒ်မ ၅၁ ပုဒ်မခွဲ(ခ)နှင့်(ဂ)၊ ပုဒ်မ ၅၃၊ ပုဒ်မ ၅၅၊ အခန်း(၁၁)မှာ မူလအခန်း(၁၁)ခေါင်းစဉ်ပြင်ဆင်ခြင်း ပုဒ်မ ၅၆၊ ပုဒ်မ ၅၈ ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၇၀ တို့ဖြစ်ကြပါတယ်။ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီမှ ပြင်ဆင်အတည်ပြုချက် စုစုပေါင်း ၃၆ ချက်ကို လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ပြင်ဆင်ချက်အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီမှ ပြင်ဆင်အတည်ပြုချက် စုစုပေါင်း ၃၆ ချက်ကို လွှတ်တော်မှ အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်အတည်ပြုချက် စုစုပေါင်း ၃၆ ချက်ကို လွှတ်တော်မှ အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီမှ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းကို ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းတွင် ပြင်ဆင်ချက်အဆို တင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ် ၃ ဦးရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးရဲ့ ပြင်ဆင်ချက်များမှာ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ အခန်း(၃) ပုဒ်မ ၆ ကို လည်းကောင်း၊ ဦးသောင်းဟန်၊ ယင်းမာပင်မှ အခန်း(၃) ပုဒ်မ ၈၊ အခန်း(၆) ပုဒ်မ ၁၅၊ အခန်း(၆) ပုဒ်မ ၁၆၊ အခန်း(၈) ပုဒ်မ ၃၄ ၊ အခန်း(၁၀) ပုဒ်မ ၄၂၊ အခန်း(၁၀) ပုဒ်မ ၄၆ ပုဒ်မခွဲ(ဂ) နှင့် ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်မှ အခန်း(၄) ပုဒ်မ ၉ ပုဒ်မခွဲ(ဌ)ဖြင့် အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ် ၃ ဦး၏ ပြင်ဆင်ချက်အဆို ၈ ခုအား အချက်တစ်ချက်ချင်းအလိုက် ပြင်ဆင် တင်သွင်းနိုင်ရန် ပြင်ဆင်ချက်အဆို တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ နိုင်ငံ့ဝန်ထမ်းဥပဒေကြမ်းကို ပြင်ဆင်ချင်တာက နည်းနည်းလေးတော့ ရှည်ခွင့်ပြုပါဦး။ နည်းနည်းပိုပြောပါရစေဦး။ နိုင်ငံ့ဝန်ထမ်းဥပဒေဆိုတာ ကျွန်မတို့တိုင်းပြည်အတွက် အရေးကြီးဆုံးဖြစ်တဲ့ လူတိုင်းပြောနေကြတဲ့ Good Governance ကို အဓိက အထောက်အကူပြုမယ့် ယန္တရားကြီးကိုဖော်ဆောင်တဲ့ ကိစ္စကြီးဖြစ်ပါတယ်။ Good Governance ဖြစ်ဖို့အတွက်ကို ဗျူရိုကရေစီယန္တရားကြီး ဖော်ဆောင်ရန် ဖြစ်ပါတယ်။ ဗျူရိုကရေစီ ယန္တရားကြီး အောင်မြင်စွာဖော်ဆောင်ဖို့ အရေးကြီးတဲ့နေရာမှာ ဒီဥပဒေကလည်း အရေးကြီးဆုံး ဥပဒေတစ်ခုလို့ ကျွန်မက သတ်မှတ်ပါတယ်။ အဲ့ဒီတော့ နည်းနည်းထပ်ပြောရမယ်ဆိုရင် Good Governance နဲ့ပတ်သက်ပြီးတော့ ကျွန်မကစာလေးရေးထားပါတယ်။ Good Governance ရဲ့ အချက် ၃ ချက်ကို

ပြောရင် အချိန်ကြာသွားမှာစိုးလို့ ခေါင်းစဉ်လေး ၃ ခုကိုတော့ နည်းနည်းပြောပါရစေ။ Good Governance ကပထမဦးဆုံး Save Capability ဖြစ်ရပါမယ်။ Responsive ဖြစ်ရပါမယ်။ အဲ့ဒီတော့ ကျန်တဲ့အသေးစိတ်အချက်များ ကြည့်ချင်ရင် ကျွန်မက စာရွက်မိတ္တူ ကူးထားတာရှိပါတယ်။ လာယူလို့ရပါတယ်။ နောက်ပြီးတော့ လွှတ်တော်ဂျာနယ်အတွဲ(၁၁)ရယ်၊ နောက် အောက်တိုဘာ ၁၀ ရက်နေ့ကထွက်တဲ့ လွှတ်တော်ဂျာနယ်အတွဲ(၃)မှာ ကျွန်မရေးထားတာရှိပါတယ်။ အဲ့ဒီတော့ပြန်ပြော ရမယ်ဆိုရင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကဆိုလို့ရှိရင် ဝန်ထမ်းအကြီးအကဲတွေက ဘယ်လိုမျိုးအရည်အချင်းနဲ့ ရွေးခဲ့လဲဆိုရင် ပညာရေးမှာနုံခဲ့တဲ့သူက ကျိုးနွံတဲ့ အတွက်ကြောင့်မို့လို့ အဆင့်မြင့်ရာထူးများကိုရပါတယ်။ အဲဒါကြောင့်မို့လို့ အုပ်ချုပ်ရေးယန္တရားကြီး ဖွဲ့စည်းထားတာက မှားယွင်းနေပါတယ်လို့ ကျွန်မကပြောခဲ့ဖူးပါတယ်။ အခုဒီမှာ ကျွန်မထည့်မယ့် အချက်ကလေးအရင် ပြောပါမယ်။ ဥပဒေကြမ်းကော်မတီက ဝေထားတဲ့ စာမျက်နှာ ၄ အပိုဒ် ၆ မှာ နိုင်ငံတော်သမ္မတသည် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစား ပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ခြင်းတို့ ပြုလုပ်နိုင်သည်ဆိုပြီး ရေးထားပါတယ်။ ကျွန်မက ဘယ်လိုပြင်မှာလဲဆိုတော့ နိုင်ငံတော်သမ္မတသည် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အခန်း(၇)ပါအရည်အချင်းနှင့် ပြည့်စုံသူများအား ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပယ်ခြင်း ပြုလုပ် နိုင်သည်။ အငြိမ်းစားပေးခြင်း၊ ပြောင်းရွှေ့ခြင်းကိုလည်း ပြုလုပ်နိုင်သည်လို့ ပြောထားပါတယ်။ အဲဒီတော့ ကျွန်မကလျှော့ပြောတာ ဖြစ်ပါတယ်။ အခန်း(၇)မှာပါတာက ဝန်ထမ်းသည် ရာထူးအဆင့် အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးလုပ်သက်တို့နှင့် ပြည့်စုံ၍ တာဝန်ကိုနိုင်နင်းစွာထမ်းဆောင်နိုင်သည် ဟုယုံကြည်ကျေနပ်လျှင်လို့ အခန်း(၇)မှာ ပြောပါ တယ်။ ကျွန်မကလျှော့ပေါ့ပြီး ပြောရမယ်ဆိုရင် အဲဒီပြောထားတဲ့ အပိုဒ် ၂၅ ကိုလည်း သဘောတူပါ တယ်။ ဒါပေမယ့် ကျွန်မသဘောအရ Table and Motion လုပ်ရမယ်ဆိုရင် နိုင်ငံတော်သမ္မတသည် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို သက်ဆိုင်ရာလုပ်ငန်း၌ တတ်ကျွမ်းနားလည်သူဖြစ်ခြင်း၊ အဆင့်မြင့်ပညာတတ်မြောက်သူဖြစ်ခြင်း၊ လုပ်သက်အတွေ့အကြုံပြည့်စုံခြင်း ဆိုတဲ့ဟာလေးကို ထည့်ချင်ပါတယ်။ အဲဒီတော့ ဒီအပိုင်းမှာ အဆင်မပြေရင်လည်း ကျွန်မပြောတဲ့ Clause လေးကို ထည့်ချင်ပါတယ်။ တကယ်လို့ အဆင်ပြေမယ်ဆိုရင် ကျွန်မက အဲဒီဟာနဲ့ပတ်သက်လို့ Document တတ်တယ်ဖြစ်တယ်ထားပါ။ လိုအပ်လျှင် ကျွန်မကလည်း အဆိုအသစ်ထပ်ပြီးတော့ တင်မှာပါ။ ၂၇-၉- ၂၀၁၁ ဒုတိယပုံမှန်အစည်းအဝေးမှာလည်း ကျွန်မက Bureaucracy Magnetism တင်ခဲ့ပါတယ်။

အဲဒီကိစ္စကိုလည်း Document ပဲထားတဲ့အတွက်ကြောင့်မို့လို့ ကတိကဝတ်က ပြန်ပြီးပြောတဲ့ အထဲမှာ ကျွန်မရဲ့ Bureaucracy Magnetism ပါမလာပါဘူး။ အခု လောလောဆယ်လည်း တိုင်းနှင့်ပြည်နယ်တွေမှာ ပုဒ်မ ၂၅၇ အရ ပြဿနာတွေ ဖြစ်နေတာကလည်း အုပ်ချုပ်ရေးယန္တရား တစ်နည်းအားဖြင့် နိုင်ငံ့ဝန်ထမ်းနှင့်ပတ်သက်တဲ့ ယန္တရားတွေမှားယွင်းတာလည်း ပါပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာကျော်ကျော်ငွေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး တင်သွင်းတဲ့အဆိုဟာ အခန်း(၇) ကျွန်တော်တို့ သတ်မှတ်တာက ရာထူးတိုးမြှင့်ခြင်းနှင့်ဆိုင်တဲ့ အရည်အချင်းများကို သတ်မှတ်ချက်ဖြစ်ပါတယ်။ အခန်း(၃)မှာကတော့ ရွေးချယ်ခန့်ထားခြင်းဆိုတဲ့အပိုင်း ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ရွေးချယ်ခန့်ထားခြင်းအပိုင်းဟာ ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်စတဲ့အဆင့်တွေကို ခန့်မှန်းတာဖြစ်ပြီးတော့ ကျွန်တော်တို့ ရာထူးဝန်အဖွဲ့ရဲ့ ဥပဒေအပိုင်းမှာ ဆောင်ရွက်တာကတော့ ပြန်တမ်းဝင်အရာရှိကနေ အဆင့်ဆင့်တိုးမြှင့်သွားတဲ့ လိုအပ်တဲ့အရည်အချင်းများကို ဒီလမ်းကြောင်းပေါ်မှာတော့ ဒီအရည်အချင်းတွေ ရှိကိုရှိမှရမယ်ဆိုတဲ့ အနေနဲ့ သတ်မှတ်ထားတာဖြစ်တဲ့အတွက် ဒီလမ်းကြောင်းပေါ်မှာရှိတဲ့လူက ဒီအရည်အချင်းတွေက ရှိပြီးသားဖြစ်မယ်ဆိုတဲ့အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုဟာ ဥပဒေမှာပြဋ္ဌာန်းထားတာနဲ့ နည်းနည်းကွဲလွဲချက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ကျွန်မတင်ပြတာက ရာထူးအဆင့်ဆင့်မှာ ရှိတဲ့လမ်းကြောင်းကို ကျွန်မသိပါတယ်။ ဒါပေမယ့် အမြင့်ဆုံး Executive လုပ်တဲ့ ညွှန်ကြားရေးမှူးချုပ်တို့နေရာမှာ ခုနက ကျွန်မပြောတဲ့အရည်အချင်းတွေ ရှိရမယ်ဆိုတာ ပြန်ပြောဦးမယ်။ အဆင့်မြင့်ပညာတတ်ရမယ်။ လုပ်ငန်းကို တတ်ကျွမ်းနားလည်ရမယ်။ သူ့လုပ်မယ့်ဌာနနဲ့ ပတ်သက်ပြီးတော့ Work Experience ရှိရမယ်။ Well-Train ရှိတဲ့သူကိုဆိုလိုတာပါ။ ရာထူးအမြင့်ဆုံးမှာ ရှိတဲ့သူက ခုနက ကျွန်မပြောတဲ့အရည်အချင်း မရှိတဲ့အတွက်ကြောင့်မို့လို့ တိုင်းပြည်မှာ အုပ်ချုပ်ရေးယန္တရားကြီး အပြောင်းအလဲက ညံ့ဖျင်းနေတာတွေ့ရမှာပါ။ စကားပြောတာနည်းနည်းရိုင်းသွားရင် ခွင့်လွှတ်ပါ။ နမူနာပြောရမယ်ဆိုရင် ကျွန်မတို့တိုင်းပြည်မှာ ဝင်ငွေတွေ

အများကြီးလိုတယ်။ ဒီလောက်ဆင်းရဲနေတဲ့တိုင်းပြည်မှာ အစိုးရရဲ့ရငွေက ဘယ်ကရတာလဲဆိုတော့ အခွန်ငွေကရတာပါ။ အခွန်ငွေမှာ ခုနက ကျွန်မပြောဖူးပါတယ်။ တံဆိပ်ခေါင်းခွန်၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်တွေကနေ ကျွန်မတို့ရရမှာပါ။ တိုင်းပြည်မှာရှိနေတဲ့ Deficit ဖြစ်နေတဲ့ကိစ္စတွေ အကုန်လုံးသည် ဥပမာပြောရရင် အခွန်ဌာနမှာ လုပ်ငန်းမကျွမ်းကျင်သောလုပ်ငန်းနှင့် Fitting မဖြစ်သော Duty and responsibility နဲ့ Fitting မဖြစ်သော ဝန်ထမ်းများထားတဲ့အတွက်ကြောင့် ကျွန်မတို့တိုင်းပြည်မှာ ဆက်လက်ဆင်းရဲနေတာ ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်မှာ ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုထောက်ခံထားပါတယ်။ ဒေါ်တင်နွယ်ဦးကတော့ နိုင်ငံတော်သမ္မတသည် ဝန်ထမ်းအဖွဲ့အစည်းများကို အခန်း(၇)ပါ အရည်အချင်းများနှင့် ပြည့်စုံသူများအား ခန့်အပ်ခြင်း၊ အတည်ပြုချင်းဆိုပြီးတော့ ဒီလိုအဆိုပြုတင်ပြပါတယ်။ သို့ရာတွင် သက်ဆိုင်ရာပြည်ထောင်စုအဆင့်က ပြန်လည်ဖြေကြားတဲ့အခါမှာ ဒီအပိုင်းသည် နိုင်ငံတော်သမ္မတရဲ့တာဝန်ယူ၊ တာဝန်ခံအပိုင်းဖြစ်တယ်လို့ တင်ပြသွားတဲ့ ဒေါ်တင်နွယ်ဦးအစမှာ တင်ပြသလို ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ လွှတ်တော်က မှတ်တမ်းထားရှိပြီး လိုအပ်လို့ ပြင်ဆင်မယ်၊ ဥပဒေပြဋ္ဌာန်းရမယ်ဆိုလို့ရှိရင် သီးခြားကိစ္စတစ်ရပ်အနေနဲ့ စဉ်းစားဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အတည်ပြုတင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေမူကြမ်းကို အခန်း(၃) အပိုဒ် ၈ ကို ပထမပြင်ထားပါတယ်။ အဲ့ဒီအပိုဒ် ၈ မှာ ပြင်ရတဲ့ ရည်ရွယ်ချက်ကတော့ ဝါကျဖွဲ့ထုံးအရ ပုဒ်အထားအသိုမှန်ကန်အောင်လို့ ပြင်ခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်ပြင်ထားတဲ့ ပြင်ဆင်ချက်အဆိုကတော့ ဝန်ထမ်းအဖွဲ့အစည်းများသည် ဝန်ထမ်းအမျိုးအစားအလိုက် အစမ်းခန့်ကာလနှင့် စည်းကမ်းချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို သတ်မှတ်နိုင်သည်လို့ ဖြစ်ပါတယ်။ အဲဒါကို အတည်ပြုနိုင်ရေးအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားပြောပါ။

**ဒေါက်တာကျော်ကျော်ဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ ပြင်ဆင်ချက်ကို သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသောင်းဟန် အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေမူကြမ်း အခန်း (၆) အပိုဒ် ၁၅ ကို ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒီအပိုဒ် ၁၅ မှာတော့ ဝန်ထမ်းတွေရဲ့ ခွင့်ယူခြင်းနှင့် ခွင့်အမျိုးအစားအလိုက် စည်းမျဉ်းစည်းကမ်းနှင့် ခွင့်ပေးခြင်း၊ ခွင့်ခံစားခြင်းနှင့်ပတ်သက်တဲ့ အပိုဒ်ဖြစ်ပါတယ်။ ပြင်ဆင်တဲ့အပိုဒ်ကတော့ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်လို့ ပြင်ဆင်ချက်အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန် ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၁၀ အမှတ်စဉ် ၄၁ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့မှ သဘောထားပြောပါ။

**ဒေါက်တာကျော်ကျော်ဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ် ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသောင်းဟန် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခန်း(၆) အပိုဒ် ၁၆ ကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်ထားပါတယ်။ ဒါကတော့ ကျွန်တော်တို့ မူလပြင်ဆင်ချက်မှာ အပိုဒ် ၁၅ နှင့် အပိုဒ် ၁၆

သည် အပိုဒ် ၁၅ အဖြစ် တစ်ပေါင်းတည်း ပြင်ဆင်ခဲ့ပြီးဖြစ်တဲ့အတွက် အတည်ပြုပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလပြဋ္ဌာန်းချက် အပိုဒ် ၁၆ ကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်ပေးပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားပြောပါ။

**ဒေါက်တာကျော်ကျော်ဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်၏ ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန် ဆက်လက်တင်ပြပါ။ တင်ပြတဲ့အခါမှာ စာမျက်နှာနှင့် အမှတ်စဉ်ပါ ဖော်ပြပါ။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၁၄ အမှတ်စဉ် ၅၉ အခန်း (၈) အပိုဒ် ၃၄ ကို ပြင်ဆင်ချက်အဆို တင်သွင်းအပ်ပါတယ်။ မူလအဆိုက သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် ကြိုတင်နှစ်တိုးခွင့်ပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအချက်များအား အခြေခံကာ ကိစ္စတစ်ခုချင်းအလိုက်စိစစ်၍ အဖွဲ့သို့ အဆိုပြုရမည်လို့ ဆိုထားပါတယ်။ ဒီနေရာမှာ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းဟာ ဝန်ထမ်းတိုင်းကို ကြိုတင်နှစ်တိုးခံစားခွင့်ပြုရန်အတွက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သို့ ဝန်ထမ်းတိုင်းအတွက် တင်ပြရမည်လို့ အဓိပ္ပာယ်သက်ရောက်နေပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်တမ်းဝင်အရာရှိများကိုသာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သို့ တင်ပြ ပြီးတော့ ပြန်တမ်းဝင်အရာရှိရဲ့ အောက်အဆင့်ဝန်ထမ်းတွေကိုတော့ ကြိုတင်နှစ်တိုးခွင့်ပြုရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဝန်ကြီးအဖွဲ့အကြီးအမှူးများထံသို့သာ တင်ပြစေလိုတဲ့အတွက် ကျွန်တော် ယခုလိုပြင်ဆင်ထားပါတယ်။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် အောက်ပါအချက်များကို အခြေခံပြီးကိစ္စတစ်ခုချင်းအလိုက်စိစစ်၍ ပြန်တမ်းဝင်အရာရှိများအား ကြိုတင်နှစ်တိုးခွင့်ပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ရာထူးဝန်အဖွဲ့သို့လည်းကောင်း၊ ပြန်တမ်းဝင်အရာရှိအောက်အဆင့် ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံသို့လည်းကောင်း အဆိုပြု

တင်ပြ၍ သဘောတူခွင့်ပြုချက်ရယူဆောင်ရွက်ရမည်လို့ ပြင်ဆင်ချက်အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားပြောပါ။

**ဒေါက်တာကျော်ကျော်ဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ ဦးသောင်းဟန်ရဲ့ ပြင်ဆင်ချက်က ပြန်တမ်းဝင်အရာရှိနှင့် ပြန်တမ်းဝင်အရာရှိမဟုတ်တာကို ခွဲခြားပေးတဲ့ သဘောထား ဖြစ်တဲ့အတွက် သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ□ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသောင်းဟန် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စာမျက်နှာ ၁၆ အမှတ်စဉ် ၆၇ အခန်း (၁၀) အပိုဒ် ၄၂ ကို ပြင်ဆင်ချက်အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ အပိုဒ် ၄၂ ရဲ့ မူလအဆိုမှာ ဝန်ထမ်းတစ်ယောက် တရားစွဲဆိုခြင်းခံရလျှင် တရားစွဲဆိုတဲ့အမှုမပြောက်ဘဲနှင့် စွဲချက် မတင်မိဘဲနှင့် လွှတ်လွှတ်၊ အပြီးအပြတ်ပဲ လွှတ်လွှတ် ဝန်ထမ်းရဲ့ကိစ္စမှာ သက်ဆိုင်ရာဌာနက ပြန်လည် ပြီးတော့ ဌာနဆိုင်ရာနည်းလမ်းနှင့်အရေးယူနိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့်ရေးထားတာ ဖြစ်ပါတယ်။ ရေးထားတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော့်အနေနဲ့လည်း ဒီအတိုင်းပြင်ဆင်ရေးသားခြင်း ဖြစ်ပါ တယ်။ သို့သော် မူလပြဋ္ဌာန်းချက်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့ ပြဋ္ဌာန်းချက်တွေမှာ ရေးသားချက် များဟာ ဝေါဟာရ အသုံးအနှုန်း၊ အဓိပ္ပာယ်ကောက်ယူတဲ့နေရာမှာ ပုဒ်အထားအသိုစသည်ဖြင့် လွဲမှား ချွတ်ချော်တာတွေ တွေ့တယ်လို့ ယူဆလို့ ကျွန်တော့်အနေနဲ့ ဒီအပိုဒ် ၄၂ ကို အခုလို ပြင်ဆင်တင်သွင်း အပ်ပါတယ်။ ဝန်ထမ်းအား တရားစွဲဆိုသော အမှုနှင့်စပ်လျဉ်း၍ တရားရုံးက စွဲချက်မတင်မီလွှတ်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း၊ အမိန့်တစ်စုံတစ်ရာချမှတ်စေကာမူ ယင်းတရား စွဲဆိုသောအမှုသည် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းခြင်း သို့မဟုတ် စည်းကမ်းဖောက်ဖျက်ခြင်း သို့မဟုတ် တာဝန်ပျက်ကွက် ခြင်း သို့မဟုတ် ကိုယ်ကျင့်တရားပျက်ပြားခြင်းနှင့် အကျုံးဝင်သည့်ကိစ္စဖြစ်ပါက သက်ဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူးသည် ယင်းဝန်ထမ်းကို ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်လို့ ပြင်ဆင်ချက်အဆိုတင်သွင်းအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားပြောပါ။

**ဒေါက်တာကျော်ကျော်ဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ ဦးသောင်းဟန်ရဲ့ ပြင်ဆင်ချက်က မူလပြဋ္ဌာန်းချက်ရဲ့ သဘောထားကို ပြောင်းလဲတာမရှိဘဲနှင့် စာအရေးအသားသာ အနည်းငယ်ပြောင်းလဲတဲ့အတွက် သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့ အတွက် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်လန့်ဇယားစာမျက်နှာ ၁၈ အမှတ်စဉ် ၇၁ အခန်း (၁၀) အပိုဒ် ၄၆ အပိုဒ်ခွဲ (ဂ) ကို ပြင်ဆင်ချက်အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ ဒီအပိုဒ်ခွဲ (ဂ) ကို မူလပြဋ္ဌာန်းချက်မှာက ရွေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပေးသော ဝန်ထမ်းအဖွဲ့အကြီးအမှူး ထံ တင်ပြရမည်လို့ ဒီလိုရေးထားပါတယ်။ အမျိုးသားလွှတ်တော်ကလည်း အစီရင်ခံစာကို ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူးထံ တင်ပြရမည်လို့ ဒီလိုပဲရေးထားပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်ထမ်းတွေ ကို ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးကသာ ရွေးဦးစုံစမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းကိုမဟုတ်ဘဲ ကျန်တဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ဝန်ကြီးချုပ် ဒါမှမဟုတ်ရင် ဝန်ကြီးစသည်ဖြင့် ဒီ့ထက်အဖွဲ့အစည်းများ ကလည်း ဝန်ထမ်းတွေကို သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအမျိုးမျိုးကို ပူးပေါင်းပြီးတော့ ရွေးဦး စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းလေ့ရှိပါတယ်။ အဲဒီလိုဖွဲ့စည်းတဲ့အခါမှာ ရွေးဦးစုံစမ်းရေးအဖွဲ့ရဲ့ အစီရင်ခံစာကို ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံ တင်ပြရမည်လို့ သတ်မှတ်ထားရင်ဖွဲ့စည်းတဲ့ အဖွဲ့အစည်းက ဒီအစီရင်ခံစာကို တိုက်ရိုက်ဖတ်ရှုရတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ အားလုံးကို အကျုံးဝင်စေမယ့် ပြင်ဆင်ချက်အဆိုကို ဒီလိုတင်သွင်းလိုပါတယ်။ ရွေးဦး စုံစမ်းရေးအဖွဲ့သည် စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်များပါရှိသည့် အစီရင်ခံစာကို ယင်းအဖွဲ့အား ဖွဲ့စည်းပေးသော သက်ဆိုင်ရာအကြီးအမှူးထံတင်ပြရမည်လို့ ပြင်ဆင်ချက်အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားပြောပါ။

**ဒေါက်တာကျော်ကျော်ဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ ကျွန်တော်တို့ရဲ့ မူလပြဋ္ဌာန်းချက်မှာတော့ ဖွဲ့စည်းပေးသော ဝန်ထမ်းအဖွဲ့အစည်းအစား ယခုလိုကျယ်ပြန့်ပြီးတော့ အဖွဲ့အစည်းပေးသောဆိုတာလေးပဲ ပြောင်းတဲ့အတွက် ဒါသဘောသဘာဝချင်း ပိုမိုကောင်းလာတဲ့ အတွက် သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့ အတွက် ဦးသောင်းဟန်၊ ယင်းမာပင်ရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်က တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့် ဖြစ်ပါတယ်။ ယခု နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်း အခန်း (၄) တာဝန်နှင့်ရပိုင်ခွင့်မှာ အပိုဒ် ၉ မှာ အပိုဒ်ခွဲငယ် (ဌ) အဖြစ် အသစ်ဖြည့်စွက်တာ ဖြစ်ပါတယ်။ ပြည်သူကို ရိုသေလေးစားခြင်းတို့ ဖြစ်ပါ တယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ထပ်ဖြည့်လိုက်တဲ့ ဥပဒေဟာ အမှန်ကတော့ ကျင့်ဝတ်တစ်ခု အသစ်တစ်ခုသာ ဖြစ်ပါတယ်။ ဒါပေမယ့် အချို့ဝန်ထမ်းတွေဟာ ပြည်သူရဲ့ အခွန်ဘဏ္ဍာငွေကို စားသုံးနေရတာမေ့လျော့ပြီးတော့ ပြည်သူနှင့်ဆက်ဆံတဲ့အခါ မောက်မာ မိုက်ရိုင်းစွာဆက်ဆံတတ်ကြပါတယ်။ မိမိရဲ့ကျေးဇူးရှင်ဖြစ်တဲ့ ပြည်သူကို ရိုသေရကောင်းမှန်းမသိပါ ဘူး။ ကျင့်ဝတ်ကို မကျင့်ဆောင်ခဲ့ကြပါဘူး။ ကျင့်ဝတ်ကို မကျင့်ဆောင်ကြရင် စည်းကမ်းဆိုတာ ထားရပါတယ်။ စည်းကမ်းမှမလိုက်နာရင် ဥပဒေတစ်ခုအဖြစ် သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူနဲ့ဆက်ဆံရာမှာ နိုင်ငံ့ဝန်ထမ်းများဟာ မိမိကိုယ်ကိုမိမိနှိမ့်ချပြီး မိမိတို့ရဲ့ ကျေးဇူးရှင်ပြည်သူကို မောက်မာမှုမရှိဘဲနှင့်ရိုသေစွာဆက်ဆံနိုင်ရေးအတွက် ဤအပိုဒ် (ဌ)ကို ပြည်သူကို ရိုသေလေးစားခြင်း အား ဥပဒေတစ်ခုအဖြစ်သတ်မှတ်ဖြည့်စွက်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားပြောပါ။

**ဒေါက်တာကျော်ကျော်ဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်ရဲ့ တင်ပြချက်ဟာ ဥပဒေကြမ်း

ကော်မတီရော၊ ရာထူးဝန်အဖွဲ့ပါ ညှိနှိုင်းပြီးတော့ သင့်မြတ်လျော်ကန်တယ်လို့ ယူဆတဲ့အတွက် သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉ အရ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ် ၂ ဦးရဲ့ ပြင်ဆင်ထားသည့် ပုဒ်မ၊ ပုဒ်မခွဲများအား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် ၂ ဦးရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ပဥ္စမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ အစည်းအဝေးကိုရပ်နားပါမယ်။ နောက်ရက် ၁၀း၀၀ နာရီမှာ ပြည်သူ့လွှတ်တော်အစည်းအဝေး ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[** ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၃း၀၅ နာရီတွင် ရပ်နားပါသည်။ **]**